# ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်၊ စနေနေ့၊ (10-7-2010) (၆၄၅၅)


## ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် လောက်ကိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၉**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၆ ရက်တွင် ဟိုပန်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးဝါးကုသမှု ခံယူနေကြသော လူနာများအား တွေ့ဆုံအားပေးသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❁

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်း အားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မား ရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

### လှိုင်ကော်တက္ကသိုလ်

**ကယားပြည်နယ် အတွင်းရှိ ဒေသခံ ကျောင်းသား၊ ကျောင်းသူများ အဆင့်မြင့်ပညာ သင်ကြားနိုင်ရေးအတွက် ဖွင့်လှစ်ပေးထားသော လှိုင်ကော်တက္ကသိုလ်ကို တွေ့ရစဉ်။**

# ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိသော ပညာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်မှုများ


**သတင်းဆောင်းပါး - မောင်မောင်ထွေး(သတင်းစဉ်)**
**ဓာတ်ပုံမှတ်တမ်း - ကြေးမုံ**


**အဆင်အပြင်-ဇော်ဝင်း**

**အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ၏ အားဖြင့်သာ တည်ဆောက်ကြရပါမည်။**

သို့မို့ကြောင့် နိုင်ငံတော်အစိုးရသည် အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် အနာဂတ်နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံများနှင့် လိုက်လျောညီထွေမှုရှိသည့် နိုင်ငံတကာအဆင့်မီ အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) စီမံကိန်းကို ချမှတ်၍ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

လူ့စွမ်းအား အရင်းအမြစ်များကို ပြုစုဖော်ဆောင်ရာတွင် နိုင်ငံသားတိုင်း အခြေခံပညာ အဆင့်လိုက် သင်ယူပြီးမြောက်စေရေးကို အခြေခံပညာကဏ္ဍ၏ ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

အခြေခံပညာသင်ယူရန် အရွယ်ရောက်သူတိုင်း ကျောင်းနေနိုင်ရေးအတွက် ကျောင်းဖွင့်ရာသီတိုင်းတွင် ကျောင်းအပ်နှံရေး သီတင်းပတ် လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အသီးသီးတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဆက်တည်းမှာပင် အခြေခံပညာကျောင်း အသီးသီးတွင် ဝင်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများကို ပညာသင်နှစ်အလိုက် ကျောင်းနေမြဲရေး၊ ကျောင်းထွက်နှုန်း လျော့နည်းကျဆင်းရေး၊ အတန်းကူးပြောင်းသင်ယူနှုန်း မြင့်မားရေး၊ ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေး မြင့်မားရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး စသည့် လုပ်ငန်းများကိုလည်း အခြေခံပညာကဏ္ဍ နှစ်ရှည်စီမံကိန်း၏ လုပ်ငန်းစဉ်များအဖြစ် စဉ်ဆက်မပြတ် ကြိုးပမ်း ဖော်ဆောင်ပေးလျက်ရှိသည်။

**၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် ဖြစ်ထွန်းလာစေရေးအတွက် ကိုယ်ပိုင်စွမ်းအားဖြင့် တည်ဆောက်လျက်ရှိရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်နှင့် နည်းပညာစွမ်းအားများ ပြည့်ဝခိုင်မာစေရေး၊ နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော သိပ္ပံနှင့်နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ ရယူအသုံးပြုနိုင်သော ပညာရှင်များ နယ်ပယ်စုံ၊ ကဏ္ဍစုံ၊ ဒေသစုံတွင် မွေးထုတ်ပေးနိုင်ရေးအတွက် နိုင်ငံတော်တစ်ဝန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။**

### ဦးတည် အလေးပေး

ကျောင်းသား၊ ကျောင်းသူလူငယ်များကို ပြုစုပျိုးထောင်ရာတွင်လည်း အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်တို့တွင် ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှု၊ ပြဿနာဖြေရှင်းနိုင်မှုနှင့် ဝေဖန်ပိုင်းခြားနိုင်မှု အရည်အသွေးများ ပြည့်ဝလာစေရေးအတွက် ကလေးဗဟိုပြုသင်ယူမှု ချဉ်းကပ်နည်းဖြင့် လေ့ကျင့်သင်ကြားနိုင်ရေး၊ စစ်ဆေးတိုင်းတာမှု အပိုင်းတွင် ဆက်စပ်အသုံးချနိုင်မှု၊ ဝေဖန်ပိုင်းခြားနိုင်မှုနှင့် ပြဿနာဖြေရှင်းနိုင်မှုတို့ကို ဦးတည်အလေးပေး ဖော်ဆောင်လျက်ရှိပေသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ▲

ကြေးမုံ The Mirror

၁၀-၇-၂၀၁၀

(စနေနေ့)

## ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည် သစ်လွင်

စာတတ်မြောက်ခြင်းသည် လူတိုင်းတွေးခေါ် မြော်မြင်မှု မြင့်မားလာစေသည်။ ဝေဖန်ပိုင်းခြားတတ်သော အတွေးအခေါ်ကောင်းများ ဖြစ်ထွန်းလာရန် အထောက်အကူပြုသည်။ မြန်မာနိုင်ငံတွင် **လူတိုင်းအတွက်ပညာရေး** ရည်မှန်းချက်နှင့်အညီ စာတတ်မြောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဖော်ဆောင်နေပြီ။

၂၀၁၀-၂၀၁၁ ပညာသင်နှစ် စတင်နေပြီ။ အခြေခံပညာသင်ယူရန် အရွယ်ရောက်သူတိုင်း ကျောင်းနေနိုင်ရေး၊ ကျောင်းနေနှုန်းမြင့်မားရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေး ကြိုးပမ်းဖော်ဆောင်နေကြပြီ။ ပညာရေးဝန်ထမ်းများနှင့် မိဘပြည်သူများ၏ ပေါင်းစည်းအားဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေပျော်၍ စာပေ၊ အသိပညာ ဘက်စုံထူးချွန်ရေး ကြိုးပမ်းနေကြပေပြီ။

ပညာရေးဝန်ကြီးဌာနက အခြေခံပညာကဏ္ဍ နှစ်ရှည်စီမံကိန်း လုပ်ငန်းစဉ်များကို တိုးမြှင့်ဖော်ဆောင်နေသည်။ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးလက်တွေ့ ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန် ပညာရေးပြက္ခဒိန် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

ယခု ပညာသင်နှစ် ဇူလိုင် ၁၁ ရက် (တနင်္ဂနွေနေ့)ကို **ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့** အဖြစ်သတ်မှတ်ထားသည်။ အဆိုပါနေ့တွင် အခြေခံပညာကျောင်းများအလိုက် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်လှပစေရေး သီးပင်၊ စားပင်၊ အရိပ်ရပင်၊ ပန်းပင်များ စိုက်ပျိုးကြမည် ဖြစ်သည်။

မိုးရာသီတွင် ရာသီဥတု စွတ်စိုအေးမြပြီး သစ်ပင်များ ရှင်သန်ကြီးထွားလွယ်သောကြောင့် နိုင်ငံတစ်ဝန်း၌ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပနေသည်။ ကံ့ကော်၊ ပိတောက်၊ ခရေ၊ ပုန်းညက်၊ စိန်ပန်း၊ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မဲဇလီ၊ မန်ကျည်း၊ သရက်၊ ပိန္နဲ၊ မရန်းစသည့် ပန်းပင်၊ စားပင်သီးပင်၊ အရိပ်ရ လေကာပင်များနှင့် အဖိုးတန်သစ်များကို စိုက်ပျိုးလျက်ရှိသည်။

သစ်ပင် သစ်တောများသည် သက်ရှိသတ္တဝါများအားလုံး ရပ်တည်ရှင်သန်ရေးတွင် အကျိုးပြုလျက်ရှိသည်။ သစ်ပင်များ စိုက်ပျိုးထားခြင်းဖြင့် အရိပ်ခိုနားနေရသည်။ စားပင် သီးပင်များ စိုက်ပျိုးထား၍ သစ်သီးဝလံများ စားသုံးနိုင်ကြသည်။ ပန်းပင်များ စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင် လှပသာယာမှုရှိသည်။ သစ်တောသစ်ပင်၊ သီးပင်စားပင်၊ ပန်းပင်များသည် မြို့ပြပြည်ရွာတစ်ခွင် စိမ်းလန်းစိုပြည် သာယာလှပ ရာသီဥတု ညီညွတ်မျှတမှုကို အကျိုးပြုလျက်ရှိသဖြင့် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများတွင် အခြေခံပညာကျောင်းများအားလုံး ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲသွားကြမည် ဖြစ်ပါသည်။ ။

## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်သို့ တက်ရောက်ပညာသင်ကြားနိုင်

**ရန်ကုန် ဇူလိုင် ၉**

နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် ပြည်နယ်၊ ပြည်မ၊ နယ်စပ်၊ တောင်တန်းအပါအဝင် ဒေသပေါင်းစုံမှ ကျောင်းသားလူငယ်များအတွက် အမျိုးသားအဆင့် ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်နှစ်ခုကို ရန်ကုန်နှင့် မန္တလေးမြို့တို့၌ နိုင်ငံတော်ကတည်ထောင်ဖွင့်လှစ်ပေးထားသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်သို့ တက်ရောက်သင်ကြားလိုသော ကျောင်းသားတစ်ဦးအတွက် ဝင်ခွင့်အရည်အချင်းများမှာ (က)တက္ကသိုလ်ဝင်စာမေးပွဲကို မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ရမည်၊ (ခ)ပညာသင်နှစ်စတင်သည့်ရက်၌ အသက်(၂၀)နှစ်ထက်မကျော်စေရ၊ (ဂ)ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါချို့ယွင်းမှုမရှိစေရ၊ (ဃ)အနုပညာဝါသနာပါသူဖြစ်ရမည် စသည်တို့ဖြစ်သည်။ ရွေးချယ်မှုစနစ်မှာ ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က လူတွေ့စစ်ဆေးသည်။ အနုပညာပင်ကိုအရည်အသွေး၊ အနုပညာ ဗီဇနှင့် ဝါသနာတို့ကို အခြေခံ၍ စိစစ်ရွေးချယ်သည်။

### အချိန်ဇယားနှင့်သင်တန်းကာလ

ပထမနှစ်ဝက်သင်တန်းကို နိုဝင်ဘာ ၁ ရက်မှ မတ် ၃၁ ရက်အထိလည်းကောင်း၊ ဒုတိယနှစ်ဝက်သင်တန်းကို မေ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်ထိလည်းကောင်း သတ်မှတ်ထားသည်။ ကျောင်းပိတ်ရက်များမှာ ဧပြီတစ်လနှင့် အောက်တိုဘာတစ်လ စုစုပေါင်း နှစ်လသတ်မှတ်ထားသည်။

ဝိဇ္ဇာဘွဲ့အတွက် သင်တန်းကာလမှာသုံးနှစ်ဖြစ်ပြီး ဝိဇ္ဇာဂုဏ်ထူးဘွဲ့အတွက် သင်တန်းကာလမှာ လေးနှစ် ဖြစ်သည်။ သင်ကြားသည့်ဘာသာရပ်များမှာ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်ဟူ၍ ခွဲခြား သတ်မှတ်ထားပြီး အထူးပြုဘာသာရပ်အလိုက် ဘွဲ့များကိုလည်း အပ်နှင်းချီးမြှင့်သည်။

စာပေဘာသာရပ်များအနေဖြင့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သိပ္ပံ၊ ပထဝီဝင်၊ သင်္ချာ၊ သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုသမိုင်း၊ ရှေးဟောင်းသုတေသနပညာ၊ ရသပညာ၊ အရှေ့တိုင်းပညာတို့ဖြစ်သည်။

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်တွင် ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့အပြင် ဒီပလိုမာဘွဲ့များ၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့များကိုလည်း သင်ကြားပေးလျက်ရှိသည်။ အနုပညာကွန်ပျူတာဒီပလိုမာဘွဲ့ကို ၁၀ လ သတ်မှတ်ထားပြီး အခြားဘွဲ့လွန်ဒီပလိုမာဘွဲ့များကို တစ်နှစ်သတ်မှတ်ထားကြောင်း၊ တက်ရောက်လိုသူများအား လက်ကမ်း ကြိုဆိုလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

| | |
|---|---|
| **ပြည်သူ့သဘောထား** | ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။<br>✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။<br>✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။<br>✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ |

## ဝန်ကြီး ဦးခင်မောင်မြင့်အား အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ MJB International Limited မှ Regional Manager, Mr. John Giblett လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၉**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ MJB International Limited မှ Regional Manager, Mr. John Giblett သည် ဇူလိုင် ၆ ရက် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်များ ပြုပြင်ထိန်းသိမ်းမောင်းနှင်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## စစ်ကိုင်းတိုင်းအတွင်း စည်ပင်သာယာရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးတင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၉

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၅ ရက်တွင် စစ်ကိုင်းတိုင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်နေသော ခရိုင်ချင်းဆက်လမ်း အမှတ်(၃)၏ ကောင်းမှုတော် ရှင်းလင်းဆောင်သို့ရောက်ရှိရာ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ခရိုင်ချင်းဆက်လမ်း အမှတ်(၃) ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။**

ထို့နောက် ဒုတိယဝန်ကြီးက လက်ရှိဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာခင်းရန် ကျန်သည့်အပိုင်းများကို မိုးရွာသည့်အခြေအနေကြည့်၍ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားပြီး ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ ရေပိတ်လွှာလောင်းရာတွင် ဒီဇိုင်းသတ်မှတ်ထားသည့် ဒုသို့ ရောက်အောင် စနစ်တကျ ဆောင်ရွက်ရန်နှင့် လမ်းပခုံးများသေချာစွာ ဖို့သိပ်ပေးရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ကျောက်စီခြင်းလုပ်ငန်းကို မော်တော်ယာဉ်ဖြင့် လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး နဘဲပင်လှကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ကျေးရွာအဝင်လမ်းဖောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သည်များ ကူညီပံ့ပိုးပေးသည်။

ဆက်လက်၍ ခရိုင်ချင်းဆက်လမ်း အမှတ်(၃)နှင့် ဝက်လက်မြို့လမ်းဆုံရှိမှကား ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ဝက်လက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ဝက်လက်မြို့နယ်အပိုင်းမှ တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ငါးပတ်ချောင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းနှင့် ထနောင်းသာကျေးရွာတွဲဖက်အခြေခံပညာမူလတန်းကျောင်းတို့၌ ကျင်းပသည့် ကမ်းဖြူကျေးရွာ၊ ရေလည်မော်ကျေးရွာ၊ ရွှေညောင်ပင်ကျေးရွာ၊ ချောင်းမီတိုကျေးရွာနှင့် ရေဂမိုးကျေးရွာတို့ရှိ ကျောင်းသား၊ ကျောင်းသူများအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းသည့် အခမ်းအနားများသို့ တက်ရောက်ခဲ့သည်။

ဆက်လက်၍ ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့ပေါ်သို့ ရေပေးဝေနေသော မဟာနန္ဒာရေစစ်ကန်နှင့် ရေကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး အနှေးသဲရေစစ်ကန် (Slow Sand Filter) ၌ သဲအဟောင်းများ ဖယ်ထုတ်ပြီး သဲအသစ်များ အစားထိုးထည့်ပေးရန်နှင့် ပိုက်လိုင်းတစ်လျှောက် ရေဆုံးရှုံးမှု နည်းနိုင်သမျှ နည်းအောင် ကြပ်မတ်ပြုပြင်ရန်တို့ကို မှာကြားခဲ့ပြီး ရွှေဘိုမြို့နယ် ရန်ကြီးအောင်ပန်းခြံရှိ ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၆ ရက် နံနက်ပိုင်းတွင် ရွှေဘိုမြို့ မြို့မဈေးကြီးသို့ သွားရောက်၍ ဈေးမီးဘေးလုံခြုံရေးအတွက် ဈေးအတွင်း မီးသတ်ရေငုတ်များ၊ ရေလှောင်ကန်များနှင့် လျှပ်စစ်မီးသွယ်တန်းထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စစ်ကိုင်းမြို့ မြို့မဈေးကြီးသို့ ရောက်ရှိပြီး ဈေးကော်မတီဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဈေးမီးဘေးလုံခြုံရေးအတွက် ဝိုင်းဝန်းကူညီစောင့်ရှောက်ကြရန် မှာကြားကာ ဈေးအတွင်းရှိ မီးသတ်ရေငုတ်များ၊ ဈေး လျှပ်စစ်မီး၊ လမ်းမီး၊ လုံခြုံရေးမီးများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ကြည့်ရှုစစ်ဆေး**

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ ခရိုင်ချင်းဆက်လမ်း အမှတ် (၃)တွင် ကျောက်စီခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



**ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပုလုံးတုံးတုံးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် အင်ဂျင်နီယာမှူး ဦးအောင်ကိုဦးတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

❁ ရှေ့ဖုံးမှ

ထို့နောက် ခွဲစိတ်ခန်း၊ ပြင်ပလူနာဌာန၊ ဓာတ်မှန်ခန်းနှင့် ဆေးကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတိုးချဲ့ဆောက်လုပ်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များကို ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က ဖြည့်စွက်မှာကြားကာ ဆေးရုံအတွက် ဆေးဝါးပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဟိုပန်တပ်နယ်ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ တပ်နယ်မိသားစုများနှင့် တွေ့ဆုံသည်။

ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ဇူလိုင် ၇ ရက်တွင် လောက်ကိုင်မြို့ အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လောက်ကိုင်မြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် လောက်ကိုင်-ကုန်းကြမ်း-မော်တိုက်လမ်းပိုင်း ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မုံးစီးကျေးရွာ၌ ရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကျေးရွာများအတွက် ဆေးဝါးပစ္စည်းများ ပေးအပ်ကာ ကျေးရွာနေပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် ဗုဒ္ဓရုပ်ပွားတော်မြတ်များ လှူဒါန်းသည်။

ဆက်လက်၍ တာမိုးညဲမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးရာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ဖောက်လုပ်သည့် ကွတ်ခိုင်-တာမိုးညဲ- မုံးစီး-တာပါးလမ်းပိုင်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဇူလိုင် ၈ ရက်တွင် နမ့်ခမ်းမြို့ ခုတင် (၁၀၀) ဆံ့ မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီးက ဆေးကုသမှုခံယူနေကြသည့် လူနာများနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးနေသည့် အခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါးလမ်းပိုင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**ပေးအပ်**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဆေးကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအားရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။ ထို့နောက် ဆေးရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးပြီး ဆေးရုံအတွက် ဆေးဝါးပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံရာ ရပ်မိရပ်ဖတစ်ဦးက ဒေသဖွံ့ဖြိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လိုအပ်သည်များမှာကြားကာ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် မူဆယ်မြို့ ခုတင် (၁၀၀)ဆံ့ မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်း နှစ်ထပ်ဆေးကုသဆောင် ဆောက်လုပ်နေမှု အခြေအနေများနှင့် ဆေးရုံ၏ ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် မူဆယ်မြို့ ရွှေလီရိပ်သာ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာ တာဝန်ရှိသူတစ်ဦးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

# ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ၂၀၁၀ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုး စိုက်ထည့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၉

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားနှင့် ငါးမျိုးသားပေါက် စိုက်ထည့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနရုံး၌ ကျင်းပရာ ဝန်ကြီး ဦးစိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်တို့ တက်ရောက်အားပေးကြသည်။**

ရှေးဦးစွာ ဝန်ကြီး ဦးစိုးနိုင်နှင့် ဇနီးတို့က အထိမ်းအမှတ်ကံ့ကော်ပင်ကို စိုက်ပျိုးပေးကြပြီး ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနကြီးမှူးများက ပိတောက်ပင်နှင့်၊ စိန်ပန်းပင်တို့ကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဝန်ကြီးသည် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှု၊ စိုက်ပျိုးထားသည့် သစ်ပင်များအား မြေဆွ၊ ပေါင်းသင်၊ မြေတောင်မြှောက်ခြင်း လုပ်ငန်းတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် ဝန်ကြီးရုံး၏ လျှိုပိတ်ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဆက်လက်ကျင်းပရာ ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့်အတူ ဝန်ထမ်းများက ယိုးဒယားငါးခုံးမ ၅၀၀၀၊ ငါးမြစ်ချင်းသားပေါက် ၅၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကို စိုက်ထည့်ပေးကြသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ပိတောက်၊ ကျွန်း၊ မဟော်ဂနီ၊ မဲဇလီ၊ မန်ကျည်း၊ တမာ၊ စိန်ပန်း၊ ပနားမားငုံ၊ ငုရွှေဝါ၊ စွယ်တော်၊ ကုက္ကို၊ ရေတမာ၊ ပုန်းညက်၊ စိန်တံခြူနှင့် စက္ကူပန်း စုစုပေါင်းပျိုးပင် ၁၄၅၆ ပင် စိုက်ပျိုးခဲ့ကြပြီး ငါးခုံးမ၊ ငါးမြစ်ချင်း ငါးမျိုးစုံစိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ကံ့ကော်ပင်စိုက်ပျိုး**

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်နှင့်ဇနီး ဒေါ်တင်တင်လတ်တို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားနှင့် ငါးမျိုးသားပေါက်စိုက်ထည့်ပွဲ အခမ်းအနားတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးကြစဉ်။** (သတင်းစဉ်)

# အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၉**

၂၀၁၀ ခုနှစ် (၇)ကြိမ်မြောက် အရှေ့တောင်အာရှ အသက် (၁၈)နှစ်နှင့် အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ ပထမပွဲစဉ်တွင် စင်ကာပူအသင်းက လာအိုအသင်းကို ၇၆ မှတ်-၃၁ မှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် မလေးရှားအသင်းက မြန်မာအသင်းကို ၁၀၈ မှတ် - ၃၉ မှတ်ဖြင့်လည်းကောင်း၊ တတိယပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းက ထိုင်းအသင်းကို ၆၉ မှတ်-၃၈ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားအသင်း အုပ်ချုပ်သူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက တတိယဆုရ ထိုင်းအသင်းအား လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးက ဒုတိယဆုရ မလေးရှားအသင်းအားလည်းကောင်း၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ အရှေ့တောင်အာရှဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းက ပထမဆုရ ဖိလစ်ပိုင်အသင်းအားလည်းကောင်း တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဆုရရှိသောအသင်းများအား တံခွန်စိုက်ဆုများကို ချီးမြှင့်ရာ တတိယဆုရ ထိုင်းအသင်းအား အပြည်ပြည်ဆိုင်ရာ အာရှဘတ်စကက်ဘောအဖွဲ့ချုပ် နည်းစနစ်ကော်မတီဥက္ကဋ္ဌ Col. Lee Kak Kwun က လည်းကောင်း၊ ဒုတိယဆုရ မလေးရှားအသင်းအား အာရှဘတ်စကက်ဘော အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Dato Yeoh Choo Hock က လည်းကောင်း၊ ပထမဆုရ ဖိလစ်ပိုင်အသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း၊ အတွင်းရေးမှူး ဦးမောင်မောင်မြင့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က အထူးဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အောင်နိုင်ဆုရရှိသော အသင်းများ၏ နိုင်ငံတော်အလံများကို လွှင့်တင်၍ နိုင်ငံတော်သီချင်းကိုဖွင့်ကာ ဂုဏ်ပြုခဲ့ကြပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**လက်ခံယူ**

**ကျိုင်းတုံမြို့ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအတွက် စေတနာရှင်များက အလှူငွေများလှူဒါန်းလျက်ရှိရာ မေ ၁၆ ရက်က ကျိုင်းတုံမြို့ လေယာဉ်ကွင်းဖောက်လုပ်ရေး စီမံကိန်းမှ ကိုညီညီထွန်း-မသန်းသန်းမြင့်တို့ မင်္ဂလာဦး အထိမ်းအမှတ်အဖြစ် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ရိပ်သာကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းဇော်မင်း လက်ခံယူစဉ်။**

(ဘိုးဘွားရိပ်သာ)

# ပရိဘောဂများ ထုတ်လုပ်ခြင်း အခြေခံသင်တန်း ဖွင့်မည်

**ရန်ကုန် ဇူလိုင် ၉**

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းနှင့် Center for Vocational Training (C.V.T) တို့ ပူးပေါင်းဖွင့်လှစ်မည့် ရွှေ့ပြောင်းကိုင်တွယ်အသုံးပြုနိုင်သော လျှပ်စစ်အားသုံးကိရိယာ (Portable Power Tools)များ အသုံးပြု၍ ပရိဘောဂများ ထုတ်လုပ်ခြင်း အခြေခံသင်တန်းကို ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၆၇၄) (၃၆)ရပ်ကွက် ပင်လုံလမ်းရှိ သစ်အခြေခံစက်မှုနည်းပညာ သင်တန်းဌာန၌ ဩဂုတ် ၂ ရက်မှ ၁၃ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ပို့ချမည်ဖြစ်သည်။

**ကန့်သတ်ထား**

အဆိုပါကိရိယာများဖြင့် ပရိဘောဂထုတ်လုပ်ရန် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်သည်။ သင်တန်းတက်ရောက်လိုပါက မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း သစ်အခြေခံစက်မှုနည်းပညာ သင်တန်းဌာန ဖုန်း-၅၈၁၃၇၀ သို့လည်းကောင်း၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Tower (၆)ထပ် ဖုန်း-၂၁၄၈၃၈၊ ၂၁၄၈၃၉ နှင့် ၂၁၄၈၄၀ တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြပြီး ဇူလိုင် ၂၃ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် ဖြစ်သည်။ သင်တန်းသားဦးရေ ၃၀ အထိသာ လက်ခံရန် ကန့်သတ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် (၇)ကြိမ်မြောက် အရှေ့တောင်အာရှ အသက်(၁၈)နှစ်နှင့်အောက် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ ပထမဆုရ ဖိလစ်ပိုင်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။** (အား/က)

# စစ်အေးတိုက်ပွဲကာလနောက်ပိုင်း အကြီးကျယ်ဆုံးသူလျှိုသုံ့ပန်းလဲလှယ်မှု

## ဩစတြီးယားနိုင်ငံ ဗီယင်နာလေဆိပ်၌ အမေရိကန်နှင့် ရုရှားပြုလုပ်

**ဗီယင်နာ ဇူလိုင် ၉**

အမေရိကန်နှင့် ရုရှားနိုင်ငံတို့သည် စစ်အေးတိုက်ပွဲကာလနောက်ပိုင်း အကြီးမားဆုံး သူလျှိုအကျဉ်းသားများ အပြန်အလှန်လဲလှယ်မှုကို ဗီယင်နာလေဆိပ်၌ သောကြာနေ့က ပြုလုပ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

သတင်းများ၏အဆိုအရ အမေရိကန်ပြည်ထောင်စုက ဖမ်းဆီးထားသော ရုရှားသူလျှို ၁၀ ဦးနှင့် ရုရှားနိုင်ငံက ဖမ်းဆီးထားသော အမေရိကန်သူလျှိုလေးဦးကို အပြန်အလှန်လဲလှယ်ခဲ့ကြောင်းသိရသည်။

အမေရိကန်နိုင်ငံ နယူးယောက်မှ ပျံသန်းလာသော လေယာဉ်နှင့် ရုရှားနိုင်ငံ မော်စကိုမြို့တော်မှ ပျံသန်းလာသော လေယာဉ်များသည် ဗီယင်နာလေဆိပ်သို့ ရှေ့ဆင့်နောက်ဆင့် ဆင်းသက်ခဲ့ကာ လေယာဉ် ပြေးလမ်းပေါ်တွင် ကြိုတင်ချိန်းချက်ထားသကဲ့သို့ နေရာယူခဲ့ပြီး တစ်နာရီခွဲမျှအကြာတွင် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းများတွင်ဖော်ပြသည်။

အပြန်အလှန်လဲလှယ်ခဲ့သော သူလျှိုအကျဉ်းသားများကို တင်ဆောင်ထားသည့်လေယာဉ်များ ဦးတည်ပျံသန်းသည့်နေရာကို သတင်းမရရှိသေးပေ။ သို့ရာတွင် ရုရှားလေယာဉ်သည် မော်စကိုမြို့တော်သို့ ဦးတည်ပျံသန်းခဲ့ပြီး အမေရိကန်လေယာဉ်ကမူ ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်သို့ ဦးတည်ပျံသန်းသွားဖွယ်ရှိကြောင်း အတည်မပြုနိုင်သည့် သတင်းများတွင် ဖော်ပြသည်။

ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တော်သည် ယခင်က ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်နိုင်ငံတို့အကြား တင်းမာမှုများကို ပြေလည်အောင် ဖြေရှင်းပေးခဲ့သော မြို့တော်အဖြစ် စစ်အေးတိုက်ပွဲကာလကပင် နာမည်ကျော်ခဲ့သည့်မြို့ဖြစ်သည်။

***အင်တာနက်။***

**စစ်အေးတိုက်ပွဲကာလ နောက်ပိုင်း အမေရိကန်နှင့် ရုရှားအကြား အကြီးကျယ်ဆုံး သူလျှိုသုံ့ပန်းများ အပြန်အလှန်လဲလှယ်မှုသတင်း ယူနေသော သတင်းထောက်များအား ဗီယင်နာလေဆိပ်တွင် ဇူလိုင် ၉ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ပါကစ္စတန်၌ လူ ၅၀ ကျော် သေဆုံး

**ခါးရ် (ပါကစ္စတန်) ဇူလိုင် ၉**

ပါကစ္စတန်နိုင်ငံ မိုးမန့်လူမျိုးစုဒေသရှိ အစိုးရရုံးဌာနတစ်ခု၏ အပြင်ဘက်၌ အသေခံဗုံးခွဲသမားနှစ်ဦးက သောကြာနေ့တွင် ဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူ ၅၀ ကျော် သေဆုံး၍ ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းတိုက်ခိုက်မှုသည် ပါကစ္စတန်နိုင်ငံ၌ ယခုနှစ်အတွင်း ဖြစ်ပွားခဲ့သော အသေအပျောက် အများဆုံး တိုက်ခိုက်မှုတစ်ရပ်ဖြစ်သည်။

အသေခံဗုံးခွဲသမားများသည် မိုးမန့်လူမျိုးစုဒေသ လက်ထောက်အုပ်ချုပ်ရေးမှူး၏ ရုံးအပြင်ဘက်၌ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး လက်ထောက်အုပ်ချုပ်ရေးမှူးရာဆိုးလ်ခန်သည် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဗုံးပေါက်ကွဲမှုများဖြစ်ပွားချိန်တွင် အခင်းဖြစ်ပွားရာနေရာအနီး၌ ပါကစ္စတန်အာဏာပိုင်များက ဒုက္ခိတများနှင့် ဆင်းရဲသော လယ်သမားများကို အထောက်အကူပြုပစ္စည်းများ ဝေငှနေချိန်ဖြစ်ကြောင်း သိရသည်။

မိုးမန့်လူမျိုးစုဒေသသည် တာလီဘန်နှင့် အယ်လ်ခိုင်ဒါအဖွဲ့ဝင်များ ခိုအောင်းရာ ပါကစ္စတန်လူမျိုးစုဒေသ များအနက် တစ်ခုဖြစ်သည်။ ပါကစ္စတန် စစ်ဘက်သည် ယင်းဒေသ၌ စစ်ဆင်ရေးများ ပြုလုပ်၍ စစ်သွေးကြွများကို နှိမ်နင်းနေသော်လည်း အမြစ်ပြတ်ခြင်း မရှိသေးပေ။

***အင်တာနက်။***

**ကြေးမုံ The Mirror**

**နိုင်ငံတကာ သတင်းများ**

**ပါကစ္စတန်နိုင်ငံ မိုးမန့်ဒေသ၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်ခဲ့သော အပျက်အစီးများအကြား အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေနေသူများအား ဇူလိုင် ၉ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ- အင်တာနက်)*

# တရုတ်ဝန်ကြီးချုပ်နှင့် ပါကစ္စတန်သမ္မတ စီးပွားရေးပူးပေါင်းမှုဆိုင်ရာများ တွေ့ဆုံဆွေးနွေး

**ပေကျင်း ဇူလိုင် ၉**

တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် ထိပ်တန်းနိုင်ငံရေးအကြံပေး ကျာကျိုလင်တို့သည် ပါကစ္စတန်သမ္မတ အဆစ်ဖ်အလီဇာဒါရီနှင့် ကြာသပတေးနေ့တွင် အသီးသီး တွေ့ဆုံခဲ့ကြရာ နှစ်နိုင်ငံစလုံးက မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်အဖြစ် ရှေ့ဆက်လက်တွဲသွားရန် သဘောတူခဲ့ကြသည်။

ပါကစ္စတန်နိုင်ငံနှင့် ကုန်သွယ်ရေးဆက်ဆံမှုသည် တရုတ်နိုင်ငံအတွက် လွန်စွာအရေးကြီးသည်ဟု တရုတ်အစိုးရက အလေးအနက်ခံယူကြောင်း ဝမ်က ဇာဒါရီအား ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံနှင့် ကုန်သွယ်ခြင်းသည် နှစ်နိုင်ငံပြည်သူများကို အကျိုးစီးပွားဖြစ်ထွန်းရုံမျှသာမက နှစ်နိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မဟာဗျူဟာကျသည်ဟုဆိုသည်။

နှစ်နိုင်ငံကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးအတွက် အစီအစဉ်တစ်ရပ် ရေးဆွဲရန်လိုအပ်ပြီး အခြေခံ အဆောက်အအုံများအတွက် နိုင်ငံရေး၊ ဘဏ္ဍာရေးနှင့် လုံခြုံရေးဆိုင်ရာ အာမခံချက်များ ပေးနိုင်ရန် ထိရောက်သည့် မူဝါဒများ ချမှတ်ရေးကို လုပ်ဆောင်ရန်လည်း လိုကြောင်း ဝမ်က အကြံပြုပြောကြားသည်။

စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများအကြား ဝန်ထမ်းများ၊ သတင်းအချက်အလက်များနှင့် နည်းပညာများကို အပြန်အလှန် တိုးမြှင့်ဖလှယ်ကြရန်လည်း ဝမ်က တိုက်တွန်းသည်။

၂၀၀၈ ခုနှစ် စက်တင်ဘာလအတွင်း သမ္မတရာထူးစတင်ထမ်းဆောင်ချိန်မှစ၍ တရုတ်နိုင်ငံသို့ ငါးကြိမ်မြောက် ခရီးစဉ်အဖြစ် ရောက်ရှိနေသော ဇာဒါရီက တရုတ်နိုင်ငံသို့ မကြာခဏ လာရောက်လည်ပတ်ခြင်းသည် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို မည်မျှအလေးအနက်ထားကြောင်း၊ တရုတ် ပြည်သူများကို မည်မျှချစ်ကြည်ကြောင်းကို ထုတ်ဖော်ပြသလျက်ရှိကြောင်းဟု ပြောကြားခဲ့သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# မယ်လမင်းပါဝင်သော နို့မှုန့်များ တရုတ်တွင် ထပ်မံထုတ်ဖော်တွေ့ရှိခဲ့

**ပေကျင်း ဇူလိုင် ၉**

လူကို အန္တရာယ်ဖြစ်စေတတ်သော ဓာတုထုတ်ကုန်တစ်မျိုးဖြစ်သည့် မယ်လမင်း ပေါင်းထည့်သွင်း ထုတ်လုပ်ထားသည့် နို့မှုန့်များကို တရုတ်နိုင်ငံရှိ ပြည်နယ်သုံးခု၌ အာဏာပိုင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း ဇူလိုင် ၉ ရက် သတင်းများတွင် ဖော်ပြသည်။

မယ်လမင်းပါဝင်သော နို့မှုန့်များကြောင့် တရုတ်နိုင်ငံ၌ ၂၀၀၈ ခုနှစ်အတွင်း နို့စို့ကလေးခြောက်ဦး သေဆုံးခဲ့ရပြီး သုံးသိန်းခန့် နာမကျန်း ဖြစ်ခဲ့ရသည်။

နို့မှုန့်များအတွင်း မယ်လမင်းထည့်သွင်းမှုနှင့်ပတ်သက်၍ တရုတ်အာဏာပိုင်များက ပါဝင်ပတ်သက်သူများကို ဖမ်းဆီးနှိမ်နင်းခဲ့သော်လည်း ယင်းပြဿနာသည် အမြစ်မပြတ်သေးကြောင်း ယခုဖော်ထုတ်တွေ့ရှိမှုက ပြဆိုလျက်ရှိသည်ဟု သတင်းများတွင် ဖော်ပြသည်။

ယခုတွေ့ရှိရသော မယ်လမင်း ပါဝင်သည့် နို့မှုန့်များသည် ၂၀၀၈ ခုနှစ် မတိုင်မီ ထုတ်လုပ်ခဲ့သော နို့မှုန့် များဖြစ်ပြီး ဖျက်ဆီးပစ်ရမည့်အစား ပြန်လည်သိုလှောင်ထားခြင်း ဖြစ်ဖွယ်ရှိကြောင်း တရုတ်နိုင်ငံပိုင် သတင်းဌာနများနှင့် အာဟာရလုံခြုံမှုဆိုင်ရာ ကျွမ်းကျင်သူများက သုံးသပ်သည်။

**အရေးပေါ် ရှင်းလင်း**

မယ်လမင်းပါဝင်သော နို့မှုန့်များကို ယခုနှစ်အစောပိုင်း ရှန်စီးပြည်နယ်၊ ရှန်တုန်ပြည်နယ်၊ လျောင်နင်းပြည်နယ်နှင့် ဟီပေပြည်နယ်များတွင် တွေ့ရှိခဲ့ပြီး ၁၀ ရက်ကြာ အရေးပေါ် ရှင်းလင်းမှုများ ပြုလုပ်ခဲ့ရသည်။

မယ်လမင်းကို နို့မှုန့်အရည်အသွေး စမ်းသပ်ရာတွင် ပရိုတိန်းကြွယ်ဝမှု ရှိကြောင်း ပြရန် ထည့်သွင်းလေ့ရှိသည်။ မယ်လမင်းကြောင့် ကျောက်ကပ်ကျောက်တည်မှုနှင့် ပျက်စီးမှုများ ဖြစ်ပွားနိုင်သည်။

***အင်တာနက်။***

# တရုတ်နိုင်ငံတွင် အမျိုးအမည်မသိယာဉ်ပျံတစ်စင်းကြောင့် လေကြောင်းခရီးစဉ်များ ပျက်သိမ်းခဲ့ရ

**ဟန်ကျိုး ဇူလိုင် ၉**

တရုတ်နိုင်ငံ ဟန်ကျိုးမြို့ ကောင်းကင်၌ အမျိုးအမည်မသိ ယာဉ်ပျံတစ်စင်း ဖြတ်ပျံခဲ့မှုကြောင့် ယင်းမြို့လေဆိပ်၏ လုပ်ငန်းဆောင်တာများကို ခေတ္တပိတ်သိမ်းခဲ့ရကြောင်းကို ဇူလိုင် ၉ ရက်သတင်းများတွင် ဖော်ပြသည်။

ဟန်ကျိုးလေဆိပ် လေကြောင်းထိန်းသိမ်းမှု ဝန်ထမ်းများက အဆိုပါ အမျိုးအမည်မသိယာဉ်ပျံကို (ယူအက်ဖ်အို) ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း သိရသည်။

ဟန်ကျိုးမြို့တော် အရှေ့ဘက် ရှောက်ရှန်လေဆိပ်၏ လေယာဉ်ခရီးစဉ်များ အဆိုပါ ယူအက်ဖ်အို ပျံသန်းမှုကြောင့် ပယ်ဖျက်ခဲ့ရကြောင်း သိရသည်။

အချို့သော သတင်းမီဒီယာများ၏ ထုတ်ပြန်ချက်များအရ တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှင်ကျန်းဝေဂါ ပြည်နယ်တွင် ယပ်တောင်ပုံသဏ္ဌာန် ယူအက်ဖ်အို ယာဉ်ပျံတစ်စင်းကို ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း ဖော်ပြထားသည်။

ရှင်ကျန်းပြည်နယ် နက္ခတ္တသိပ္ပံအဖွဲ့၏ အဆိုအရ ယင်းယာဉ် ပျံသည် အမေရိကန်ပြည်ထောင်စုက ပစ်လွှတ်ခဲ့သော တိုက်ချင်းပစ်ဒုံးပျံတစ်စင်း၏အပျက်အစီးအစအနဖြစ်ကြောင်း သိရသည်။

**စစ်ရေးနှင့်ပတ်သက်**

ဟန်ကျိုးမြို့တွင် ထောက်လှမ်းတွေ့ရှိခဲ့သော ယူအက်ဖ်အို ယာဉ်ပျံသည် စစ်ရေးစစ်ရာများနှင့် ပတ်သက်မှုရှိကြောင်း တရုတ်အစိုးရ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သို့ရာတွင် ယင်းယူအက်ဖ်အို ယာဉ်ပျံနှင့် စစ်ဘက်တို့ မည်သို့ ပတ်သက်ကြောင်းကို ၎င်းက အသေးစိတ်ပြောကြားခဲ့ခြင်းမရှိပေ။

ယင်းယူအက်ဖ်အို ယာဉ်ပျံကို ထောက်လှမ်းစစ်ဆေးရန် ရှောက်ရှန်လေဆိပ် တာဝန်ရှိသူများက ကြိုးစားခဲ့သော်လည်း ယင်းယာဉ်ပျံသည် ရေဒါမြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

မျက်မြင်တွေ့ရှိသူများက ဟန်ကျိုးမြို့ ကောင်းကင်ယံတွင် ကြယ်တံခွန်နှင့်တူသော မီးလုံးကြီးတစ်လုံးကို တွေ့ရှိခဲ့ကြောင်း ပြောကြားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

**ဟန်ကျိုးမြို့ ကောင်းကင်ယံတွင် ထောက်လှမ်းတွေ့ရှိခဲ့သော အမျိုးအမည်မသိယာဉ်ပျံ (ယူအက်ဖ်အို) ကို ဇူလိုင် ၈ ရက် တွေ့ရစဉ်။**

*(ဓာတ်ပုံ- အင်တာနက်)*

# တနင်္ဂနွေနေ့၌ နေအပြည့်အဝကြတ်မှုဖြစ်ပေါ်မည် တောင်ယဉ်စွန်းတန်းဒေသများမှသာ တွေ့မြင်နိုင်ဖွယ်ရှိ

**လော့စ်အိန်ဂျလိစ် ဇူလိုင် ၉**

ယခုရက်သတ္တပတ်အဆုံးတနင်္ဂနွေနေ့၌ နေအပြည့်အဝကြတ်မှုဖြစ်ပေါ်မည်ဖြစ်ကြောင်း သောကြာနေ့ သတင်းများတွင် ဖော်ပြသည်။

သို့ရာတွင် ယင်းနေကြတ်မှုကို တောင်ယဉ်စွန်းတန်းဒေသမှသာ မြင်တွေ့နိုင်ဖွယ်ရှိကြောင်း သိရသည်။ နယူးဇီလန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ နေကြတ်မှုဖြစ်စဉ်စတင်ဖြစ်ပေါ်မည်ဖြစ်ပြီး ကွတ်ခ်ကျွန်းစု၊ အီစတာကျွန်း၊ ချီလီနှင့် အာဂျင်တီးနားတောင်ပိုင်းဒေသများအပေါ် လရိပ်ဖုံးလွှမ်းမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အပြည့်အဝနေကြတ်မှုဖြစ်စဉ်သည် သမုဒ္ဒရာရေပြင်အထက်၌ ဖြစ်ပေါ်မည်ဖြစ်ပြီး ငါးမိနစ်နှင့် စက္ကန့်နှစ်ဆယ်မျှသာကြာမြင့်မည်ဖြစ်သည်။

ကမ္ဘာ့အဓိကမြို့တော်ကြီးများပေါ်သို့ လရိပ်ကျရောက်မည်မဟုတ်ခြင်းကြောင့် ယခုနှစ်နေကြတ်မှုကို ကံကောင်းသူအနည်းငယ်မျှသာတွေ့မြင်နိုင်မည်ဖြစ်ကြောင်း နက္ခတ္တဗေဒပညာရှင်တစ်ဦးက ပြောကြားသည်။

***အမ်အင်အေ၊ ရိုက်တာ။***

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား

## FAO ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၉**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr. Shin Imai သည် ဇူလိုင် ၈ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် UNDP နှင့် FAO တို့ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၀-၇-၂၀၁၀ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၁၀ | ၃။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၅။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၁း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၁း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၁း၃၀ | ၄။ | **ကာတွန်းအစီအစဉ် - အမြွာစုံထောက် (အပိုင်း-၁၉)** |
| ၁၂း၀၀ | ၅။ | **ရုပ်မြင်သံကြားဇာတ်လမ်း -အချစ်ဆိုတဲ့အကွရာ (မြင့်မြတ်၊ မိုးပြည့်ပြည့်မောင်၊ ခင်လေးနွယ်) (ဒါရိုက်တာ-စိုးကျော်ဆန်း)** |
| ၁း၃၀ | ၆။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၂း၀၀ | ၇။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၅၀)** |
| ၂း၅၅ | ၈။ | အပိတ်နှုတ်ဆက်စကား |
| ၃း၀၀ | ၉။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၃၀ | ၃။ | ချစ်သူစုံတွဲတူယှဉ်ရွှဲ |
| ၄း၃၅ | ၄။ | မြတ်နိုးကြစေ အမျိုးသားအမွေ |
| ၄း၄၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၀၀ | ၇။ | တိုင်းကျိုးပြည်ပြု တည်ထောင်မှု |
| ၅း၂၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၄၀ | ၉။ | ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၂၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၂။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၆း၃၀ | ၁၃။ | စားဖိုဆောင်ချစ်သူ |
| ၆း၄၅ | ၁၄။ | ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား |
| ၇း၀၀ | ၁၅။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၂၇)** |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်း |
| | ၁၈။ | မိုးလေဝသသတင်း |
| | ၁၉။ | အမျိုးသားရေးတေးကဗျာ |
| | ၂၀။ | အင်္ဂလိပ်စာသုတ |
| | ၂၁။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကမ္ဘည်းတွင်မယ့် ချင်သူရဲကောင်း (အပိုင်း-၃၄)** |
| | ၂၃။ | လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၈) |
| | ၂၄။ | သင့်အတွက်မနက်ဖြန် |
| | ၂၅။ | အပိတ်နှုတ်ဆက်စကား |
| | ၂၆။ | ပြီးပါပြီ။ |

**၁၁-၇-၂၀၁၀ ရက် (တနင်္ဂနွေနေ့)**

| | | |
|---|---|---|
| ၀၁း၀၀ | ၁။ | **၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ (Live) - ဥရုဂွေး နှင့် ဂျာမနီ (Third Place)** |

**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် သီးနှံသစ်တောရာနှောစိုက်ခင်းအတွင်း သစ်ပင်စိုက်ပျိုးနေကြသော ဝန်ထမ်းများအား ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# သစ်တောရေးရာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

သစ်တောရေးရာ ဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ဦးစီးရုံးချုပ် မျက်နှာစာရှိ သီးနှံသစ်တော ရောနှောစိုက်ခင်း ဧရိယာ၌ ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် တက်ရောက်၍ ပိတောက်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ညွှန်ကြားရေးမှူးများက ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းမ၊ ပျဉ်းကတိုး၊ ယင်းမာနှင့် မည်စည်ပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် သီးနှံသစ်တော ရောနှောစိုက်ခင်းအတွင်း သစ်ပင်စိုက်ပျိုးနေကြသော ဝန်ထမ်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ပါဝင်ဆင်နွှဲ**

ယနေ့ကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ သစ်တောရေးရာ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်း ၈၄၀ ကျော် ပါဝင်ဆင်နွှဲကြပြီး ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းမ၊ ပျဉ်းကတိုး၊ ယင်းမာနှင့်မည်စည် စသည့် သစ်မျိုးခြောက်မျိုး အပင်ရေ ၆၀၀ နှင့် စိန်တလုံးသရက်ပင် ၂၁၀၀ စုစုပေါင်းအပင် ၂၇၀၀ တို့ကို စိုက်ပျိုးပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**မင်္ဂလာဒုံ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)တွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိကြသော တပ်မတော်သား လူနာများအတွက် Rothmans of Pall Mall Myanmar Pte., Ltd. မှ ဝန်ထမ်းများ သွေးလှူဒါန်းကြစဉ်။** (သတင်းစဉ်)

# တပ်မတော်သားလူနာများအတွက် သွေးလှူဒါန်း

**ရန်ကုန် ဇူလိုင် ၉**

မင်္ဂလာဒုံ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြသော တပ်မတော်သား လူနာများအတွက် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင် စက်မှုဇုန်ရှိ Rothmans of Pall Mall Myanmar Pte., Ltd. မှ ဝန်ထမ်း ၃၅ ဦးတို့သည် ယနေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါဆေးရုံကြီးသို့ လာရောက်သွေးလှူဒါန်းကြသည်။

ရှေးဦးစွာ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)တပ်မှူး ကိုယ်စား ရောဂါဗေဒဌာန ဌာနမှူး ရောဂါဗေဒပါရဂူ ဒုတိယဗိုလ်မှူးကြီး ဒေါ်တင်မိုးမြက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Rothmans of Pall Mall Myanmar Pte., Ltd. မှ ဒုတိယမန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးသိန်းအောင် (ငြိမ်း)က သွေးလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရောဂါဗေဒပါရဂူ ဗိုလ်ကြီး တင့်ခိုင်ဇော်က သွေးလှူရှင်နှင့် စပ်လျဉ်း၍ သိကောင်းစရာများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ရောဂါဗေဒဌာန ဌာနမှူး ရောဂါဗေဒပါရဂူ ဒုတိယဗိုလ်မှူးကြီး ဒေါ်တင်မိုးမြက ဒုတိယမန်နေဂျင်း ဒါရိုက်တာဗိုလ်မှူးသိန်းအောင်(ငြိမ်း)ထံ ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ပြီး သွေးလှူရှင်များအား လှည့်လည်ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

# ပခုက္ကူအသင်း(ရန်ကုန်) စုပေါင်းအလှူ

**ရန်ကုန် ဇူလိုင် ၉**

ပခုက္ကူအသင်း(ရန်ကုန်)၏ (၁၇)ကြိမ်မြောက် စုပေါင်းအလှူပွဲကို ဇူလိုင် ၂၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ပခုက္ကူမမ္မာရုံရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်၌ ကျင်းပမည်ဖြစ်သဖြင့် အသင်းသားများနှင့် ရန်ကုန်ရောက် နယ်သူ၊ နယ်သားများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖုန်း-၀၉-၅၀၂၁၈၈၅၊ အတွင်းရေးမှူး ဦးကြည်ဝင်း ဖုန်း-၇၂၀၂၀၂၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆန်း ဖုန်း-၃၈၃၈၅၇၊ ဘဏ္ဍာရေးမှူး ဒေါ်စန်းစန်း ဖုန်း-၅၁၇၀၁၇၊ တွဲဖက်အတွင်းရေးမှူး ဦးချမ်းမြေ့ ဓမ္မာရုံ-၃၈၃၅၁၁/၂၅၁ တို့ထံ ဆက်သွယ်နိုင်ကြောင်းသိရှိရသည်။

ထို့ပြင် ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ပညာသင်ထောက်ပံ့ကြေး လျှောက်ထားလိုသူနှင့် ၂၀၁၀ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းသား၏သားသမီးများသည် အထက်ပါဖုန်းများသို့ ဆက်သွယ်သတင်းပို့နိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**

**ရန်ကုန်မြို့ အင်းစိန်မြို့နယ် အောင်ဆန်းအောက်မင်္ဂလာဒုံလမ်းမကြီးနေ ခင်ပွန်း ဦးစိုးလွင်(၁၀)နှစ်ပြည့်အား ရည်စူး၍ ဇနီးဒေါ်ကျင်ထွေး (အောင်သပြေရတနာရွှေဆိုင်)မိသားစုက ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# မြန်မာအမျိုးသမီးများနေ့ မောင်တောတွင် ကျင်းပ

**မောင်တော ဇူလိုင် ၉**

မောင်တောခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ဇူလိုင် ၃ ရက်က မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးမြင့်သန်းက အမျိုးသမီးများ ရရှိပြီးအခွင့်အရေးများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ဆွေးနွေးခြင်း၊ ရဲအုပ်အောင်စောက လူမှောင်ခိုကူးမှု တားဆီးကာကွယ်ရေး သိကောင်းစရာများ ဆွေးနွေး၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြတ်သူဇာက အသင်း၏ လှုပ်ရှားဆောင်ရွက်မှုများကို ဆွေးနွေးပြီး ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများ၊ အထိမ်းအမှတ်နေ့ စာစီစာကုံးပြိုင်ပွဲ၌ ဆုရသူများအား ဆုချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

# စွမ်းအင်ဝန်ကြီးဌာန ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော်    ဇူလိုင်    ၉

**စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနရုံး၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ တက်ရောက်အားပေးပြီး စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။**

ဆက်လက်၍ ဝန်ကြီးသည် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး စိန်တလုံးသရက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

စွမ်းအင်ဝန်ကြီးဌာန၏ သတ်မှတ်နယ်မြေဧရိယာအတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် ၂၀၀၆ ခုနှစ်မှ စတင်ကာ နှစ်ရှည်အရိပ်ရလေကာပင်များ၊ နှစ်ရှည်သီးပင် စားပင်များနှင့် ပန်းအလှပင်များ စုစုပေါင်း ၅၀၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီးဖြစ်ရာ ယခု ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် စိန်တလုံးသရက်၊ ဟော်လန်သံပရာ၊ ပိန္နဲ၊ မန်ကျည်း၊ ဒန့်သလွန်၊ ဆူးပုပ် စသည့် သီးပင်စားပင်များနှင့် စိန်ပန်း၊ ပိတောက်၊ ကုက္ကို၊ မဲဇလီ စသည့် အရိပ်ရလေကာပင်မျိုးစုံ ၄၀၀၀ ကျော် စိုက်ပျိုးခဲ့ကြသဖြင့် စုစုပေါင်း အပင် ၅၄၀၀၀ ကျော် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးစဉ်။**

(စွမ်းအင်)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၀-၇-၂၀၁၀ (စနေနေ့)**

**[၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၁၄)ရက်(အဖိတ်နေ့)]**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | အောင်တော်မူ (စောမင်းနောင်၊စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်) |
| ၇း၅၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၀ | ၆။ | ကဗျာပန်းဥယျာဉ် |
| ၈း၁၅ | ၇။ | တေးဂီတအစီအစဉ် |
| ၈း၃၀ | ၈။ | အတီးပြိုင်ပွဲ |
| ၈း၄၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | Local Talent |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | ၃။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၁း၅၀ | ၄။ | တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁၂း၀၀ | ၅။ | Yan Can Cook |
| ၁၂း၂၅ | ၆။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း၊ မနွမ်းသောမေတ္တာ"(အပိုင်း-၂၃)** |
| ၁း၂၅ | ၇။ | လောကနီတိ(၅) "မေတ္တာအတိမ်အနက်ကို ချိန်စက်၍ကြည့်သောအခါ" |
| ၂း၂၅ | ၈။ | တေးဂီတအစီအစဉ် |
| ၂း၃၀ | ၉။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၂း၃၅ | ၁၀။ | အဆိုပြိုင်ပွဲ |
| ၂း၅၀ | ၁၁။ | International News |
| ၃း၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | မြူးမြူးကြွကြွယဉ်ကျေးမှုအက |
| ၄း၂၀ | ၃။ | တေးဂီတအစီအစဉ် |
| ၄း၃၀ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ) |
| ၄း၄၅ | ၅။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄း၅၀ | ၆။ | "တစ်သက်စာ" |
| ၅း၁၅ | ၇။ | ကမ္ဘာ့ဖလားပုံရိပ်များ (အပိုင်း-၁၆) |
| ၅း၂၅ | ၈။ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၆း၀၀ | ၉။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၁။ | အလှရှာမယ်လှကမ္ဘာဝယ် |
| ၆း၃၅ | ၁၂။ | **ယဉ်တစ်ကိုယ်မယ် (မြတ်နိုးဝေ) (ဒါရိုက်တာ-မင်းဇေယျာလင်း)** |
| ၇း၀၀ | ၁၃။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိတာခွင့်လွှတ်ပါ" (အပိုင်း-၁၉)** |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | ထာဝရတို့မြေအလှ [ဟေမာနေဝင်း၊ တေးရေး- ပက်ထရစ်(မိုးသောက်ပန်း)] |
| | ၁၈။ | **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၄၀)** |
| | ၁၉။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေဆုံးမြေဆုံး" (အပိုင်း-၁)** |
| | ၂၀။ | ဂီတတံခါးလေးဖွင့်ပါဦး |
| | ၂၁။ | Football Planet (၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပွဲကြိုသုံးသပ်ချက်) |

**၁၁-၇-၂၀၁၀ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၁း၀၀ | ၂၂။ | **ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (တတိယနေရာလုပွဲ) (ဂျာမနီအသင်းနှင့် ဥရုဂွေးအသင်း)** |
| | ၂၃။ | အစီအစဉ်ပြီး၏။ |

# ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

**ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးလှဝင်း ရှင်းလင်းပြောကြားစဉ်။**

(မြို့နယ် ပြန်/ဆက်)

**နေပြည်တော်    ဇူလိုင်    ၉**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၄ ရက် နံနက် ၈ နာရီတွင် ကွမ်းခြံကုန်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (ကွမ်းခြံကုန်းမြို့နယ် တာဝန်ခံ) ခရိုင်ဥပဒေအရာရှိ ဒေါ်ညိုညိုက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှဝင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ ကွမ်းခြံကုန်းမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်သင်တန်းသား၊ သင်တန်းသူ ၃၉၄ ဦး တက်ရောက်ကြပြီး သရုပ်ပြပွဲများကိုပါ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# News Watch (စောင့်ကြည့်)ဂျာနယ် အတွဲ(၅)၊ အမှတ်(၅၀)ထွက်ရှိ

**ရန်ကုန်    ဇူလိုင်    ၉**

ငါးသိန်းတန်တယ်လီဖုန်းများ မကြာမီအတောအတွင်း ရန်ကုန်ဘယ်နေရာ ပြောင်းပြောင်း အသုံးပြုနိုင်တော့မည်၊ ဝါဆိုဝါခေါင်ရေမဖောင်၍ ရေရှားပါးမှု ဆက်လက်ရှိနေဆဲ၊ ကြွက်အုပ်များ ပဲခူးမြို့နယ် ကျေးရွာများသို့ ဝင်ရောက်လာ၊ မုံရွာမှာ ပဲတီစိမ်း မကြုံစဖူးအောင်ဈေးကျ၊ အာဇာနည်နေ့ အမှတ်တရ ရှာမှရှားတဲ့အောင်ဆန်းအမည်ရှိ မောရစ်ကောလစ်၏ ဆောင်းပါးဘာသာပြန်ချက်၊ မြန်မာ့ကြယ်ငါးပွင့်သဘော်လုပ်ငန်းမှ အင်ဂျင်နီယာနှင့် အရာရှိများခေါ်ယူ၊ အဓိပတိယာဉ်လိုင်းများတွင် ယာဉ်စီးခလက်မှတ်နှင့် ယာဉ်နံပါတ်နေ့စွဲပါရှိ၍ ခရီးသည်များ စိတ်ကျေနပ်၊ အေးရှားဝေါလ်၊ မက်စ်မြန်မာနှင့် ရန်ကုန်ခရောင်းဝိုင်ယာကုမ္ပဏီများ လမ်းမိုင် ၂၄၃ မိုင်၊ တံတားကြီးခုနစ်စင်း လုပ်ပိုင်ခွင့်ရရှိ၊ ဇင်ယော်နီ၏ နေ့တိုင်းကံကောင်းလိုသူများအတွက် ဆောင်ရန် ရှောင်ရန်၊ ဒဂုံ(ခေါ်)ရန်ကုန်မြို့၏ အတိတ်က ပညာရေး ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေး အေဂျင်စီများ မှတ်ပုံတင်ရမည်၊ ကျေးရွာ ၁၃ ရွာကို စပါးစိုက်ရန် အတိုးမဲ့ငွေထုတ်ချေး၊ မီးလောင်သွားသည့် မင်္ဂလာဈေး ပြန်တည်ဆောက်၊ ဖိအားတွေကြားမှ ရုန်းထွက်သွားကြသော ကိုရီးယား အနုပညာရှင်များ၊ ဟေမာန်ဆောင်းရဲ့ ချစ်သံစဉ်ဇာတ်လမ်းမှ ခွဲ့ဂျီဝူးက အပြင်ပန်းရုပ်ရည်အရေးမကြီးပါ ကြင်နာတတ်သော သဘောထားသာ အရေးကြီးပါတယ်ဟု ပြောဆို၊ ချစ်စနိုးဦး၏ အချစ်ဒဿန၊ မောင်သန်းဆွေ(ထားဝယ်)၏ ဖူးစာနှစ်ခိုင်၊ မန်း-တောင်သမန်အင်းရေထုပိုညစ်ညမ်းလာ၊ မိုးရာသီ တောင်သူများအတွက် ကျွဲ၊ နွား ခွာနာ၊ လျှာနာဖြစ်ရင် ဘယ်လိုလုပ်သင့်၊ ယနေ့ကမ္ဘာကို စိန်ခေါ်နေသည့် အကျင့်ပျက်ခြစားမှု၊ လူနှင့်လူဝံ သူငယ်ချင်းဖြစ်၊ မိမိပြပွဲ၊ ရေနံယိုဖိတ်မှု ပြဿနာ စသည့် ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းများကို အတတ်နိုင်ဆုံး မှန်ကန်စွာ ဖော်ပြနေသည့် News Watch (စောင့်ကြည့်) သတင်းဂျာနယ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ဖယ်ခုံမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

**ဖယ်ခုံ    ဇူလိုင်    ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၈ နာရီခွဲတွင် မြို့နယ်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ကြီးခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ဖယ်ခုံမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်သန်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ယင်းသင်တန်းကို ဇွန် ၂၀ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားသို့ ခရိုင်ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ စုစုပေါင်းအင်အား ၂၈၅ ဦး တက်ရောက်ကြသည်။ (မြို့နယ်ပြန်/ဆက်)

**ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ ဇူလိုင် ၄ ရက်က စေတီတောင်ရပ်ကွက် အမကနှင့် ဝန်းကျင်၊ စေတီတောင်ရပ်ကွက်အတွင်းရှိ အုတ်ရေမြောင်းများနှင့် အဖွဲ့ပိုင် မြို့မ စည်ပင်သာယာဈေးကြီးအတွင်း အဖွဲ့ပိုင်ခြင်ဆေးဖျန်းစက်ဖြင့် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

# ရုပ်သံဖန်တီးထုတ်လုပ်မှုသင်တန်း ဖွင့်လှစ်မည်

**ရန်ကုန်    ဇူလိုင်    ၉**

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA)က "ရုပ်သံဖန်တီးထုတ်လုပ်မှုသင်တန်း" ကို ရန်ကုန်မြို့ လှိုင်မြို့နယ် Myanmar Info-Tech ရှိ အဆောင်(၁)သင်တန်းခန်း၌ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၇ ရက် ညနေ ၃ နာရီမှ ၅ နာရီအထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကြေးမှာ ငွေကျပ် ၁၂၀၀၀၀ ဖြစ်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များအား ၁၀ ရာခိုင်နှုန်း Discount ပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် ကွန်ပျူတာအခြေခံအဆင့် လေ့လာထားပြီး ရုပ်သံအစီအစဉ်များနှင့် ရုပ်မြင်သံကြားကြော်ငြာများ၊ မှတ်တမ်းရုပ်ရှင်ကားများ ရိုက်ကူးတည်းဖြတ် ထုတ်လုပ်မှုများအကြောင်းကို စိတ်ဝင်စားစွာ လေ့လာလိုသူများ၊ ကုမ္ပဏီများ၊ ဌာနဆိုင်ရာများတွင် Video Presentation များဖြင့် နေ့စဉ်ထိတွေ့ လုပ်ကိုင်နေရပြီး သင်တန်းအတွက် အချိန်များစွာ မပေးနိုင်သူများ၊ ဂရပ်ဖစ်ဒီဇိုင်းသင်တန်းများ၊ အနုပညာတက္ကသိုလ်နှင့် ပန်းချီပန်းပုကျောင်းများမှ ကျောင်းဆင်းပြီး ရုပ်သံဖန်တီးထုတ်လုပ်မှုကို အထူးပြုလေ့လာနေသူများ၊ နိုင်ငံရပ်ခြားတွင် Video Production, Mass Communication, Animation ဘွဲ့နှင့် ဒီပလိုမာသင်တန်း တက်ရောက်ကြမည့် အခြေခံပညာအထက်တန်း အောင်မြင်ပြီး လူငယ်လူရွယ်များအား ခေတ်သစ်ရုပ်သံနည်းပညာတွင် ပါဝင်သော ဗီဒီယိုပုံရိပ်များဖွဲ့စည်းမှုသီအိုရီ၊ ဗီဒီယိုကင်မရာများ ကိုင်တွယ်အသုံးပြုပုံနှင့် အလင်းပေးခြင်း နည်းစနစ်များ၊ ဗီဒီယိုတည်းဖြတ်ခြင်း၊ စာတန်းထိုးခြင်းနှင့် အရည်အသွေးမကျဆင်းအောင် ထုတ်လုပ်ပုံများ၊ ဒစ်ဂျစ်တယ်အသံပိုင်းဆိုင်ရာ သိကောင်းစရာများ စာတွေ့၊ လက်တွေ့ ပါဝင်ပြီး Adobe Certified Expert စာမေးပွဲနှင့် နိုင်ငံခြားအနုပညာ တက္ကသိုလ်ဝင်ခွင့်များ ဖြေဆိုရာတွင် အထောက်အကူ ရရှိမည်ဖြစ်သည်။

သင်တန်းတွင် ဦးဝဏ္ဏကျော် (Art Director-People Media, Inforithm-Maze Co., Ltd.) ASEAN Award Winning New Media Artist, Contributor (Internet Journal) က သင်ထောက်ကူပစ္စည်း အပြည့်အစုံဖြင့် သင်ကြားမည်ဖြစ်ပြီး ဧည့်ပညာရှင်များအဖြစ် စာရေးဆရာ ချစ်ဦးညိုက ရုပ်ရှင်ဇာတ်ညွှန်း ရေးသားခြင်းအကြောင်း၊ ဒါရိုက်တာ မင်းထင်ကိုကိုကြီးက မှတ်တမ်းရုပ်ရှင် ဖန်တီးခြင်းအကြောင်း၊ ဒါရိုက်တာ ဇော်ဆက်က ရုပ်ရှင်တည်းဖြတ်မှုအကြောင်း၊ တေးရေး နောင်နောင် (S.F) က ဇာတ်ဝင်တေး ရေးသားခြင်း အပါအဝင် ဂီတရုပ်ရှင် အခြေခံသဘောတရားများကို သင်တန်းတစ်ချိန်စီ လာရောက်ပို့ပိုး ပို့ချပေးကြမည်ဖြစ်သည်။

သင်တန်းသားများအတွက် Software Application Installer များ၊ Plug-ins များ၊ Resource Material များ၊ မြန်မာဘာသာဖြင့် ရေးသားပြုစုထားသော ခေတ်ပေါ်ဗီဒီယိုနည်းပညာနှင့် ရုပ်ရှင်၊ ဂီတသဘောတရားဆိုင်ရာ မှတ်စုများကိုလည်း တစ်ပါတည်း ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဇူလိုင် ၁၆ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**နေပြည်တော် ဇူလိုင် ၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၀/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ်(၈၀/၂၀၁၀)**
**၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်)**
**ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအား**
**နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ခွင့်ပြုခြင်း**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ အကွက်(၁)ရပ်ကွက်၊ ဆင်ကူးလမ်း၊ အိမ်အမှတ် (၁၁၄)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**အား ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၃၇) ဖြစ်ပါသည်။

**အမိန့်အရ**

**(ပုံ) ဝင်းကို**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အမျိုးသားဒီမိုကရေစီအင်အားစု NATIONAL DEMOCRATIC FORCE ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**နေပြည်တော် ဇူလိုင် ၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၁/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ်(၈၁/၂၀၁၀)**
**၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက်**
**(၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်)**
**အမျိုးသားဒီမိုကရေစီအင်အားစု NATIONAL DEMOCRATIC FORCE ပါတီအား**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ တိုက်အမှတ်(၃)၊ အခန်း(၁၀၃)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားဒီမိုကရေစီအင်အားစု NATIONAL DEMOCRATIC FORCE ပါတီ**အား ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**အမျိုးသားဒီမိုကရေစီအင်အားစု NATIONAL DEMOCRATIC FORCE ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၃၈) ဖြစ်ပါသည်။

**အမိန့်အရ**

**(ပုံ) ဝင်းကို**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အင်္ဂလိပ်စာ အဆင့်မြင့် သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၉**

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ အင်္ဂလိပ်စာ အဆင့်မြင့်သင်တန်း(၁/၂၀၁၀) သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၅၁) စုဝေးခန်းမ၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။**(ယာပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဦးတင်ထွန်းအောင်က သင်တန်း အောင်လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများအား ပေးအပ်သည်။

အဆိုပါ သင်တန်းကို အလုပ်သမားဝန်ကြီးဌာန အရာထမ်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ကိစ္စရပ်များ ဆောင်ရွက်ရာ၌ အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု တိုးတက်စေရန် ရည်ရွယ်၍ လုပ်ငန်းခွင်မပျက် ဖွင့်လှစ်ပို့ချခြင်းဖြစ်ပြီး အချေအတင် စကားပြောဆိုမှု စွမ်းရည်ရရှိရေးကို ထည့်သွင်းလေ့ကျင့်ပေးခဲ့ကာ သင်တန်းကာလမှာ မေ ၆ ရက်မှစ၍ ရက်သတ္တကိုးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန်းတနော်မြို့နယ် ရဲတပ်ဖွဲ့၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၄ ရက်က ကျင်းပရာ ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ မောင်ကောင်းမြတ်သော်အား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းနိုင် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများကို ပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၇-၂၀၁၀ (စနေနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "အံ့ဖွယ်(၇)ဖြာနန္ဒမာတာ" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
- ၆း၅၅ ရှုတိုင်းလှသည် ပထက်တောင် အတုလရံသီ
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် ( Calsome မှကလေးငယ်များ ကျန်းမာရေးနှင့်အာဟာရအတွက် ပျော်ပွဲရွှင်ပွဲအစီအစဉ် )
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၂)**
- ၈း၃၀ နွေးထွေးမှုတို့ဖြင့် ဟိုင်းကြီးဒေသဆီသို့ (အပိုင်း-၂)
- ၈း၅၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "မေခင်ကညာ"ရုပ်ရှင်ကန်တော့ပွဲ အခမ်းအနား
- ၉း၁၀ ရွှေလာငွေလာ သုံးရောင်ခြယ် မာလကာ
- ၉း၄၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၅၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ "ကဏန်းပျော့ မွေးမြူထုတ်လုပ်ရေး"
- ၁၁း၀၀ သူ့ဘဝသူ့လက်ရာ (Artist Win Myint Moe)
- ၁၁း၁၅ သွားမယ်စားမယ် (MINN THAR GYI)
- ၁၁း၃၅ မြို့တော်ရဲ့လိုအပ်ချက်
- ၁၁း၄၀ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
- ၁၁း၅၅ ရန်ကုန်မြင်ကွင်းကျယ် (စိန်ဂေဟာပါရမီစင်တာဖွင့်ပွဲ)
- ၁၂း၁၅ ဖျာပုံမြို့ဂုဏ်ဆောင် မင်းကျောင်းတော်
- ၁၂း၃၅ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၅) (သားဥကင်ဆာ)
- ၁း၀၀ "အံ့ဖွယ်(၇)ဖြာနန္ဒမာတာ" တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Zaw Win Htut Emperor 25th Anniversary Live Show (Part-1)
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၂)**
- ၄း၂၀ မီးမီးရဲ့ဆုံးဖြတ်ချက် (နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္ဇာဦး၊ နေလ၊ ပြည့်ဖူးခိုင်၊ အောင်ဟိန်း) [ ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၄း၃၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ "ကဏန်းပျော့မွေးမြူထုတ်လုပ်ရေး"
- ၄း၅၅ နွေးထွေးမှုတို့ဖြင့် ဟိုင်းကြီးဒေသဆီသို့ (အပိုင်း-၂)
- ၅း၂၀ အိုမင်းမှုရောဂါများနှင့် Antioxidant
- ၅း၄၅ သွားမယ်စားမယ် (MINN THAR GYI)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၅၀ Zaw Win Htut Emperor 25th Anniversary Live Show (Part-1)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၈း၅၅ ရန်ကုန်မြင်ကွင်းကျယ် (Calsome မှကလေးငယ်များ ကျန်းမာရေးနှင့်အာဟာရအတွက် ပျော်ပွဲရွှင်ပွဲအစီအစဉ် )
- ၉း၀၅ ဖန်တီးသူနှင့်အနုပညာ (ချစ်သုဝေနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၄၂)**
- ၁၀း၀၀ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၅) (သားဥကင်ဆာ)
- ၁၀း၂၀ Sports World
- ၁၀း၄၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "မေခင်ကညာ"ရုပ်ရှင်ကန်တော့ပွဲ အခမ်းအနား
- ၁၁း၀၅ ဖန်တီးသူနှင့်အနုပညာ (ချစ်သုဝေနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၁၁း၃၅ ရန်ကုန်မြင်ကွင်းကျယ် (စိန်ဂေဟာပါရမီစင်တာဖွင့်ပွဲ)
- ၁၁း၅၀ ကဏ္ဍစုံလင်အားကစား အစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

ပညာတတ်လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ကျိုင်းတုံ တက္ကသိုလ်ကို တွေ့ရစဉ်။ (ဝဲပုံ) နှင့် ရန်ကုန်တိုင်း သန်လျင်မြို့နယ်တွင် တည်ဆောက် ပေးထားသော မြန်မာနိုင်ငံ ရေကြောင်း ပညာတက္ကသိုလ်ကို တွေ့ရစဉ်။ (ယာပုံ)

# အခြေခံပညာသင်ယူရန် အရွယ်ရောက်သူတိုင်း ကျောင်းနေနိုင်ရေးအတွက် ကျောင်းဖွင့် ရာသီတိုင်းတွင် ကျောင်းအပ်နှံရေးသီတင်းပတ် လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံးတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေ

▲ ရှေ့ဖုံးမှ

ကျောင်းနေအရွယ် ကလေးငယ်တိုင်း ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာအဆင့် ကျောင်းများကို ကျေးရွာတိုင်းနီးပါး တိုးမြှင့်ဖွင့်လှစ် တည်ဆောက်ပေးခဲ့၍ ယခုအခါ ကျောင်းသား၊ ကျောင်းသူ ရင်သွေးငယ်များသည် ယခင်ကကဲ့သို့ ဝေးလံသီခေါင်သော အခြားကျေးရွာများသို့ လှည်းတစ်တန်၊ လှေတစ်တန်၊ ခြေကျင်တစ်ဖုံသွားရောက် ပညာသင်ကြားရန် မလိုအပ်တော့ဘဲ ကိုယ့်ရပ်ကိုယ်ရွာတွင်သာ အခြေခံပညာအဆင့်ကို လွယ်လင့်တကူ သင်ကြားနိုင်ကြပြီဖြစ်သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော အခြေခံပညာအဆင့်ပညာရေးကဏ္ဍကို နှိုင်းယှဉ်တင်ပြရလျှင် ၁၉၈၈ ခုနှစ်က အခြေခံပညာအထက်တန်းကျောင်း ၇၂၂ ကျောင်းသာရှိခဲ့ရာမှ ယခု ၂၂၂၁ ကျောင်း၊ ယခင်က အလယ်တန်းကျောင်း ၁၆၉၆ ကျောင်းသာရှိခဲ့ရာမှ ယခု ၂၈၉၃ ကျောင်း၊ ယခင်က မူလတန်းကျောင်း ၃၁၃၂၉ ကျောင်းသာရှိခဲ့ရာမှ ယခု ၃၅၆၁၁ ကျောင်းအထိ တိုးတက်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

တိုးတက်မှုအနေဖြင့်ကား အထက်တန်းကျောင်း ၁၄၉၉ ကျောင်း၊ အလယ်တန်းကျောင်း ၁၁၉၇ ကျောင်း၊ မူလတန်းကျောင်း ၄၂၈၂ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၆၉၇၈ ကျောင်းအထိ တိုးတက်လာခဲ့သည်။

ထို့ပြင် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင်မှ မာလ်တီမီဒီယာ စာသင်ခန်း ၂၂၇၂ခန်းနှင့် မူကြိုပညာရေး ၂၀၅၉ ကျောင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

အဆင့်မြင့်ပညာကဏ္ဍတွင်လည်း ၁၉၈၈ ခုနှစ် မတိုင်မီက ဒေသအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများသည် အဆင့်မြင့်ပညာရပ်များကို ရန်ကုန်၊ မန္တလေးကဲ့သို့သော မြို့ကြီးပြကြီးများတွင်သာ သွားရောက် ပညာသင်ကြားခဲ့ကြရ၏။

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်ဖြစ်ထွန်းလာစေရေးအတွက် ကိုယ်ပိုင်စွမ်းအားဖြင့် တည်ဆောက်လျက်ရှိရာတွင် အသိပညာရှင်၊ အတတ်ပညာရှင်နှင့် နည်းပညာစွမ်းအားများ ပြည့်ဝခိုင်မာစေရေး၊ နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော သိပ္ပံနှင့်နည်းပညာရပ်များကို အချိန်နှင့် တစ်ပြေးညီရယူ အသုံးပြုနိုင်သော ပညာရှင်များ နယ်ပယ်စုံ၊ ကဏ္ဍစုံ၊ ဒေသစုံတွင် မွေးထုတ်ပေးနိုင်ရေးအတွက် နိုင်ငံတော်တစ်ဝန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပေသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသော အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်း၌ အကျုံးဝင်သော မြစ်ကြီးနား၊ ဗန်းမော်၊ ဘားအံ၊ ကလေး၊ လွိုင်ကော်၊ မုံရွာ၊ ထားဝယ်၊ မြိတ်၊

ပဲခူး၊ ပြည်၊ မကွေး၊ ပခုက္ကူ၊ မန္တလေး၊ မိတ္ထီလာ၊ မော်လမြိုင်၊ စစ်တွေ၊ ရန်ကုန်၊ လားရှိုး၊ ကျိုင်းတုံ၊ တောင်ကြီး၊ လွိုင်လင်၊ မအူပင်၊ ဟင်္သာတနှင့် ပုသိမ်မြို့တို့တွင် တက္ကသိုလ် တစ်ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် တစ်ကျောင်းနှင့် နည်းပညာတက္ကသိုလ် တစ်ကျောင်း စုစုပေါင်း

တက္ကသိုလ် သုံးကျောင်းစီတို့ကိုအသီး...
ပေးနိုင်ခဲ့၍ ပြည်ထောင်စုရင်သွေး...
အဆင့်မြင့်ပညာရပ်များကိုအိုးမကွာ၊ အိ...
ကို ရရှိခံစားနေကြရပြီ ဖြစ်ပေသည်။

၁၉၈၈ခုနှစ် နောက်ပိုင်း နိုင်ငံတ...
အဆင့်မြင့်ပညာရေးကဏ္ဍကို နှိုင်းယှ...
တက္ကသိုလ်၊ ကောလိပ်နှင့် ဒီဂရီကေ...
မှ ယခု ၆၄ ကျောင်း၊ ယခင်က နည်း...

နိုင်ငံတကာတွင် တိုးတက်ပြေ... နည်းပညာရပ်များကို ဒေသတွင်း၌... နိုင်ရန် တည်ဆောက်ပေးထား... ကောလိပ် (ဘားအံ)ကို တွေ့ရစဉ်...

သာရှိခဲ့ရာမှ ယခုကျောင်းပေါင်း ၃၀၊ ...
တစ်ကျောင်းသာရှိခဲ့ရာမှ ယခုကျော...
ဝန်ကြီးဌာနများရှိ တက္ကသိုလ်၊ ကောလိ...
၂၂ ကျောင်းအထိ တိုးတက်ဖွင့်လှစ်နို...

တိုးတက်မှု အနေဖြင့်ကား တ...
ကောလိပ် ၃၇ ကျောင်းနှင့် နည်းပ...
ကွန်ပျူတာတက္ကသိုလ် ၂၅ ကျော...
တက္ကသိုလ်၊ ကောလိပ် ၂၁ ကျောင်း စု...
ကျောင်းပေါင်း ၁၁၂ ကျောင်းအထိ ...

အခြေခံပညာကဏ္ဍ အဆင့်မြှင့်တင်မှု အနေဖြင့် တည်ဆောက်ပေးထားသော ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၏ တိုးချဲ့ကျောင်းဆောင်သစ် (ယာပုံ)နှင့် အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်း (နေပြည်တော်) ကိုတွေ့ရစဉ်။ (ဝဲပုံ)

**ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ကျိုင်းတုံတက္ကသိုလ်ကို တွေ့ရစဉ်။** (ဝဲပုံ) **နှင့် ရန်ကုန်တိုင်း သန်လျင်မြို့နယ်တွင် တည်ဆောက်ပေးထားသော မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကို တွေ့ရစဉ်။** (ယာပုံ)

တက္ကသိုလ် သုံးကျောင်းစီတို့ကိုအသီးသီး အသစ်ဖွင့်လှစ်တည်ဆောက်ပေးနိုင်ခဲ့၍ ပြည်ထောင်စုရင်သွေးငယ်များ ကိုယ့်ဒေသတွင်းမှာပင် အဆင့်မြင့်ပညာရပ်များကိုအိုးမကွာ၊ အိမ်မကွာသင်ယူခွင့် ဆုလာဘ်ထူးကို ရရှိခံစားနေကြရပြီ ဖြစ်ပေသည်။

၁၉၈၈ခုနှစ် နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော အဆင့်မြင့်ပညာရေးကဏ္ဍကို နှိုင်းယှဉ်တင်ပြရလျှင် ၁၉၈၈ခုနှစ်က တက္ကသိုလ်၊ ကောလိပ်နှင့် ဒီဂရီကောလိပ် ၃၇ ကျောင်းသာရှိခဲ့ရာမှ ယခု ၆၄ ကျောင်း၊ ယခင်က နည်းပညာတက္ကသိုလ် တစ်ကျောင်းသာရှိခဲ့ရာမှ ယခုကျောင်းပေါင်း ၃၀၊ ယခင်က ကွန်ပျူတာတက္ကသိုလ် တစ်ကျောင်းသာရှိခဲ့ရာမှ ယခုကျောင်းပေါင်း ၂၆ ကျောင်း၊ အခြား ဝန်ကြီးဌာနများရှိ တက္ကသိုလ်၊ ကောလိပ်တစ်ကျောင်းသာရှိခဲ့ရာမှ ယခု ၂၂ ကျောင်းအထိ တိုးတက်ဖွင့်လှစ်နိုင်ပြီဖြစ်သည်။

**နိုင်ငံတကာတွင် တိုးတက်ပြောင်းလဲနေသော သိပ္ပံနှင့် နည်းပညာရပ်များကို ဒေသတွင်း၌ပင် လက်လှမ်းတမီ သင်ယူနိုင်ရန် တည်ဆောက်ပေးထားသော အစိုးရကွန်ပျူတာကောလိပ် (ဘားအံ)ကို တွေ့ရစဉ်။**

**နိုင်ငံတော်ကကြိုးပမ်းစိုက်ထုတ်ခဲ့သော ပညာရေးကဏ္ဍ အသီးအပွင့်များက ဒေသအသီးသီးတွင် အပြိုင်းအရိုင်း ဖွံ့ဖြိုးဝေဆာလာခဲ့ချေပြီ။**

**၁၉၈၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ နိုင်ငံတစ်ဝန်း လူ့စွမ်းအားအရင်းအမြစ် ဘွဲ့ရပညာတတ် ၁၄၇၀၀၀၀ ကျော်နှင့် ဘွဲ့လွန်ပညာရှင်များစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပြီ။**

**တစ်နိုင်ငံလုံး စာတတ်မြောက်မှုနှုန်းအနေဖြင့်လည်း ၉၄ ဒသမ ၈၃ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ပြီ ဖြစ်သည်။**

တိုးတက်မှု အနေဖြင့်ကား တက္ကသိုလ်၊ ကောလိပ်နှင့် ဒီဂရီကောလိပ် ၃၇ ကျောင်းနှင့် နည်းပညာတက္ကသိုလ် ၂၉ ကျောင်း၊ ကွန်ပျူတာတက္ကသိုလ် ၂၅ ကျောင်းနှင့် အခြားဝန်ကြီးဌာနများရှိ တက္ကသိုလ်၊ ကောလိပ် ၂၁ ကျောင်း စုစုပေါင်း တက္ကသိုလ်၊ ကောလိပ် ကျောင်းပေါင်း ၁၁၂ ကျောင်းအထိ တိုးတက်လာခဲ့သည်။

ထို့ပြင် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင်မှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာန ၄၄ ခု၊ ပညာရေးကောလိပ် ၂၀၊ နည်းပညာကောလိပ် လေးကျောင်း၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်နှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် တစ်ကျောင်းစီ တို့ကိုလည်း အကောင်အထည်ဖော် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များကို မြန်မာ့ပညာရေးရည်မှန်းချက်ဖြစ်သည့် မျက်မှောက်ကာလပညာခေတ် (Knowledge Age)၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ် လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း (Learning Society) ဖန်တီးပေးနိုင်သည့် ပညာရေးစနစ် တစ်ခုဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီ၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ စသည့် အထူးပြုဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။

ထို့အတူ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်များကို ကွန်ပျူတာ Hardware နှင့် Software များကို တီထွင်ခြင်း၊ တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်းနှင့် အသုံးချခြင်းများကို လက်တွေ့လုပ်ဆောင်နိုင်သော ပညာရှင်များ မွေးထုတ်ပေးရန်၊ လိုအပ်လျက်ရှိသော အခြေခံ IT ပညာရှင်များ ပြုစုပျိုးထောင်ပေးရန်၊ ရရှိလာသော အခြေခံ IT ပညာရှင်များမှ ထူးချွန်သူများအား အဆင့်မြင့်ပညာရှင်များအဖြစ် ပြုစုပျိုးထောင်ပေးရန်၊ အဆင့်မြင့် IT ပညာရှင်များကို အသုံးပြုပြီး IT ဆိုင်ရာသုတေသနနှင့် တီထွင်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် နိုင်ငံတော်တစ်ရပ်လုံးတွင် IT အသုံးပြုမှု တွင်ကျယ်လာစေရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ ထိုတက္ကသိုလ်များမှ ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc)၊ ကွန်ပျူတာနည်း ပညာဘွဲ့ (B.C.Tech)၊ ကွန်ပျူတာ သိပ္ပံဂုဏ်ထူးဘွဲ့ B.C.(Hons:)နှင့် ကွန်ပျူတာနည်းပညာဂုဏ်ထူးဘွဲ့ B.C.Tech (Hons:)၊ ဘွဲ့လွန်ဒီပလိုမာဖြစ်သော မဟာကွန်ပျူတာ သိပ္ပံဘွဲ့ (M.C.Sc)၊ မဟာသုတ သိပ္ပံဘွဲ့ (M.I.Sc) နှင့် ကွန်ပျူတာ သိပ္ပံဒီပလိုမာ (D.C.Sc)၊ ဘွဲ့ကြို ဒီပလိုမာ (Module I )နှင့် (Module II )သင်တန်းများကို နှစ်အလိုက် သင်ကြားပို့ချပေးလျက်ရှိသည်။

အလားတူ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်များကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သော အင်ဂျင်နီယာပညာရှင်များ တိုးတက်ဖွံ့ဖြိုးမှု ဖြစ်ပေါ်လာစေရန်၊ ဒေသအလိုက် ကွာခြားမှု လျော့နည်းပြီး နိုင်ငံတော်အတွင်းရှိ လူငယ်လူရွယ်များအားလုံး စက်မှုပညာသင်ကြားမှု အခွင့်အရေး တစ်ပြေးညီ ရရှိစေရန်နှင့် နိုင်ငံတော်မှ လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန် အတွက် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ပြီး မြို့ပြ အင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာသင်တန်း၊ အီလက်ထရွန်နစ် အင်ဂျင်နီယာသင်တန်းနှင့် စက်မှုအင်ဂျင်နီယာသင်တန်းစသည့် သင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိသည်။

နိုင်ငံတော်က ကြိုးပမ်းစိုက်ထုတ်ခဲ့သော ပညာရေးကဏ္ဍ အသီး အပွင့်များက ဒေသအသီးသီးတွင် အပြိုင်းအရိုင်း ဖွံ့ဖြိုးဝေဆာလာခဲ့ချေပြီ။

၁၉၈၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ နိုင်ငံတစ်ဝန်း လူ့စွမ်းအားအရင်းအမြစ် ဘွဲ့ရပညာတတ် ၁၄၇၀၀၀၀ ကျော်နှင့် ဘွဲ့လွန်ပညာရှင်များစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ တစ်နိုင်ငံလုံး စာတတ်မြောက်မှုနှုန်းအနေဖြင့်လည်း ၉၄ ဒသမ ၈၃ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ပြီ ဖြစ်ပေသည်။

ကျွန်တော်တို့သည်ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အသီးသီးသို့ လုပ်ငန်းတာဝန်ဖြင့် သွားရောက်ရာတွင် သတင်းသမား

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❒

**အခြေခံပညာကဏ္ဍ အဆင့်မြှင့်တင်မှု အနေဖြင့် တည်ဆောက်ပေးထားသော ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၏ တိုးချဲ့ကျောင်းဆောင်သစ်** (ယာပုံ)**နှင့် အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်း (နေပြည်တော်) ကိုတွေ့ရစဉ်။** (ဝဲပုံ)

❒ စာမျက်နှာ ၉ မှ

များပီပီ အဆိုပါတက္ကသိုလ်ကြီးများကို မရောက် ရောက်ဖြစ်အောင် သွားရောက်လေ့လာခဲ့ကြသည်။ ဒေသခံတက္ကသိုလ်ကျောင်းတော်သူ၊ ကျောင်းတော်သားတို့နှင့်လည်း အခွင့်ရခိုက် စကားစမြည်ပြောဆိုခွင့်ရခဲ့ရာ သူတို့၏မျက်နှာများတွင် ဂုဏ်ယူဝမ်းမြောက်မှု၊ ပျော်ရွှင်ချမ်းမြေ့မှုတို့ကို အထင်းသားမြင်တွေ့ခဲ့ရ၏။ ဒေသအသီးသီးမှ ခမ်းနားသစ်လွင်သော တက္ကသိုလ်အဆောက်အအုံများကား ဒေသအတွင်းမှာပင် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များကို စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိပေသည်။

ထို့ပြင် အနာဂတ်ကာလတွင် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေးအတွက်လည်း နိုင်ငံတော်က လိုအပ်သည့် ပညာရေးအခြေခံအဆောက်အအုံများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ရာ အခြေခံနှင့် အဆင့်မြင့်ပညာရပ်များကို တစ်ချိန်ကကဲ့သို့ မြို့ကြီးပြကြီးများတွင်သာ သွားရောက်မသင်ကြားရတော့ဘဲ ကိုယ့်ရပ်ကိုယ့်ဒေသမှာပင် အိုးမကွာ၊ အိမ်မကွာ နောင်သားစဉ် မြေးဆက်အထိ အဆင်ပြေချောမွေ့စွာ သင်ကြားခွင့်ရရှိစေရေး အတွက် တက္ကသိုလ်များ၊ ကျောင်းများကို နိုင်ငံတော်၏ ကိုယ်ပိုင်စွမ်းပကားဖြင့် ငွေကြေးပမာဏ မြောက်မြားစွာ အကုန်အကျခံ၍ ဒေသအနှံ့ ကြိုးပမ်း တည်ဆောက် ဖွင့်လှစ်ပေးခဲ့သော နိုင်ငံတော်၏ စေတနာကား တိုင်းဆ၍မရနိုင်လောက်အောင် မွန်မြတ်လှပါကြောင်း ထပ်လောင်းသက်သေပြုမိပါတော့သည်။ ။

**အဆင့်မြင့်နည်းပညာရပ်များကို ကိုယ့်ရပ်ကိုယ့်ဒေသမှာပင် အဆင်ပြေချောမွေ့စွာ သင်ကြားနိုင်ရန် တည်ဆောက်ပေးထားသော ကယားပြည်နယ် လွိုင်ကော်မြို့ရှိ နည်းပညာတက္ကသိုလ် (လွိုင်ကော်)ကို တွေ့ရစဉ်။**

## ပညာရေးအခြေခံအဆောက်အအုံ

**အနာဂတ်ကာလတွင် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေးအတွက် နိုင်ငံတော်က လိုအပ်သည့် ပညာရေးအခြေခံအဆောက်အအုံများကို ဤကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။**

## ၁၉၈၈ ခုနှစ် နောက်ပိုင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော ပညာရေးကဏ္ဍ

| စဉ် | အကြောင်းအရာ | ၁၉၈၈ | ၂၀၁၀ | တိုးတက်မှု |
|---|---|---|---|---|
| ၁ | **အခြေခံပညာကျောင်း** | | | |
| | - အထက်တန်း | ၇၂၂ | ၂၂၂၁ | ၁၄၉၉ |
| | - အလယ်တန်း | ၁၆၉၆ | ၂၈၉၃ | ၁၁၉၇ |
| | - မူလတန်း | ၃၁၃၂၉ | ၃၅၆၁၁ | ၄၂၈၂ |
| | - မာလ်တီမီဒီယာစာသင်ခန်း | - | ၂၂၇၂ | ၂၂၇၂ |
| | - မူကြိုပညာရေး | - | ၂၀၅၉ | ၂၀၅၉ |
| ၂ | **ဆရာအတတ်သင်ပညာရေး** | | | |
| | - ပညာရေးကောလိပ် | - | ၂၀ | ၂၀ |
| ၃ | **အဆင့်မြင့်ပညာ** | | | |
| | - တက္ကသိုလ်/ကောလိပ်/ ဒီဂရီကောလိပ် | ၃၂ | ၆၄ | ၃၇ |
| | - လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာန | - | ၄၄ | ၄၄ |
| ၄ | **သိပ္ပံနှင့်နည်းပညာ** | | | |
| | - နည်းပညာတက္ကသိုလ် | ၁ | ၃၀ | ၂၉ |
| | - နည်းပညာကောလိပ် | - | ၄ | ၄ |
| | - ကွန်ပျူတာတက္ကသိုလ် | ၁ | ၂၆ | ၂၅ |
| | - မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် | - | ၁ | ၁ |
| ၅ | **မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်** | - | ၁ | ၁ |
| ၆ | **အခြားဝန်ကြီးဌာနများရှိ တက္ကသိုလ်/ကောလိပ်** | ၁ | ၂၂ | ၂၁ |

## ဒီပလိုမာစာရင်းကိုင် သင်တန်း(ပထမပိုင်း) ရန်ကုန်အတွက် သင်တန်းသားများခေါ်ယူခြင်း

**ရန်ကုန် ဇူလိုင် ၉**

၂၀၁၁ ပညာသင်နှစ် ဒီပလိုမာစာရင်းကိုင်သင်တန်း(ပထမပိုင်း)ကို ၂၀၁၁ခုနှစ် ဖေဖော်ဝါရီတွင် ရန်ကုန်မြို့ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းတည်ရှိရာ အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း အလုံမြို့နယ်၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ ပထမပိုင်း တစ်နှစ်၊ ဒုတိယပိုင်း တစ်နှစ်ဖြစ်ကြောင်း၊ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်ကြောင်း သိရှိရသည်။

သင်တန်းတက်လိုသူသည် သင်တန်းကျောင်း၌ သင်တန်းဝင်ခွင့်စာမေးပွဲကြေး ငွေကျပ် ၂၀၀၀ ပေးသွင်း၍ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၂၇ ရက်အထိ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်လျှောက်လွှာတင်သွင်းရမည် ဖြစ်ကြောင်း၊ သင်တန်းဝင်ခွင့်စာမေးပွဲကို စက်တင်ဘာ ၁၉ ရက်တွင်ကျင်းပမည်ဖြစ်ပြီး သင်တန်းတက်ခွင့်ရသူများစာရင်းကို ဒီဇင်ဘာ ၁ ရက်မတိုင်မီ ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဂိုးပြတ်အနိုင်နှင့်အတူ ကမ္ဘောဇအသင်း နိုင်ပွဲစရ

ရန်ကုန် ဇူလိုင် ၉

**၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းက နေပြည်တော်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။**

**ကမ္ဘောဇအသင်း - သုံးဂိုး**

(ကျော်ရာဇာစိုး၊ သူရိန်စိုးနှင့် ဖြိုးမောင်မောင်ကျော်-တစ်ဂိုးစီ)

**နေပြည်တော်အသင်း - ဂိုးမရှိ**

နှစ်ပွဲဆက်သရေကျထားသော ကမ္ဘောဇအသင်းမှာ ယခုပွဲတွင် ဂိုးပြတ်အနိုင်နှင့်အတူ နိုင်ပွဲစတင်ရရှိသွားခဲ့သည်။ ကမ္ဘောဇအသင်းမှာ အကောင်းဆုံးပုံစံ မရရှိသေးသော်လည်း ဒုတိယပိုင်းတွင် ရရှိသည့်အခွင့်အရေးများကို အသုံးချနိုင်၍ ဂိုးပြတ်အနိုင်ရသွားခဲ့ခြင်းဖြစ်သည်။ နေပြည်တော်အသင်းမှာ ခြေစွမ်းပိုင်းအရ ကမ္ဘောဇအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့သော်လည်း တိုက်စစ်ပိုင်းအားနည်းမှုများကြောင့် နှစ်သိမ့်ဂိုးပင် ပြန်မသွင်းနိုင်ခဲ့ပေ။

ဖြိုးမင်းမောင် (ဂိုး)၊ အောင်သန်းဝင်း၊ သူရိန်စိုးတို့နှင့် ပွဲထွက်လာသည့် ကမ္ဘောဇအသင်းမှာ ပထမပိုင်းတွင် ဖိကစားနိုင်ခဲ့သော်လည်း တိုက်စစ်တွင် အမှားများနေသောကြောင့် ဂိုးသွင်းခွင့် မရခဲ့ပေ။ နေပြည်တော်အသင်းသည် ဘယ်ခြမ်းကို အားပြု၍ တိုက်စစ်ဆင်သော်လည်း ကမ္ဘောဇနောက်တန်းကို မကျော်နိုင်ခဲ့ ပေ။ ၅၄ မိနစ်တွင် ကမ္ဘောဇအသင်း ဂိုးစရခဲ့ပြီး ထောင့်ကန်ဘောမှ လျှံကျလာသော ဘောလုံးကို ကျော်ရာဇာစိုးက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီး နောက်ပိုင်းတွင် ကမ္ဘောဇကစားပုံ ပိုကောင်းလာပြီး ၆၂ မိနစ်တွင် တိုက်စစ်မှူး သူရိန်စိုးက ဒုတိယဂိုးထပ်မံ သွင်းယူသွားသည်။ နေပြည်တော်အသင်း ချေပဂိုးရရှိရန် ကြိုးစားသော်လည်း အရာမထင်ခဲ့ဘဲ ၈၂ မိနစ်တွင် ဖြိုးမောင်မောင်ကျော်က အဝေးမှကန်သွင်းပြီး ကမ္ဘောဇအတွက် တတိယအနိုင်ဂိုး ရယူပေးခဲ့သည်။

ပွဲစဉ်(၃)အပြီးတွင် လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းနှင့် Southern အသင်းတို့ ၇ မှတ်စီ ရရှိထားသော်လည်း သွင်းဂိုးအသာဖြင့် ရန်ကုန်ယူနိုက်တက်က ပထမနေရာ၊ Southern Myanmar က ဒုတိယနေရာတွင် ရှိနေသည်။ မကွေးက ရမှတ် ခြောက်မှတ်ဖြင့် တတိယ၊ ကမ္ဘောဇက ရမှတ် ငါးမှတ်ဖြင့် စတုတ္ထနေရာတွင် ရပ်တည်နေကြသည်။ (ကြေးမုံ)

**ကမ္ဘောဇမှ အောင်သက်ပိုင်၏ ဂိုးသွင်းမှုကို နေပြည်တော်ဂိုးသမား သန်းဇော်ဝင်း ကာကွယ်စဉ်။**

## ပဲခူးတိုင်းအရှေ့ခြမ်းရှိ မြို့နယ်အချို့တွင် ကြွက်ဝမ်းဖြူများ အုပ်စုလိုက်ဝင်ရောက်ဖျက်ဆီးခဲ့ ပျက်စီးဆုံးရှုံးခဲ့ရသောမိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စပါးပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ကြွက်နှိမ်နင်းရေး ကြီးကြပ်မှုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိ ကြွက်သေများအား အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့ဓာတ်ခွဲစစ်ဆေးစေခဲ့ရာ မည်သည့်ရောဂါပိုးမျှ မတွေ့ရှိရ

**နေပြည်တော် ဇူလိုင် ၉**

ပြီးခဲ့သည့် ဇွန်လနောက်ဆုံးရက်သတ္တပတ်ဝန်းကျင်က ပဲခူးတိုင်း အရှေ့ခြမ်းရှိ မြို့နယ်အချို့တွင် ကြွက်ဝမ်းဖြူများ အုပ်စုလိုက်ဝင်ရောက်ပြီး မိုးစပါးကြဲခင်းနှင့် ပျိုးခင်းများကို ကိုက်ဖြတ်ဖျက်ဆီးမှုများ ဖြစ်ပွားခဲ့ကြောင်းနှင့် ဒေသခံပြည်သူများက တုတ်၊ လေးခွများအသုံးပြု၍ သတ်ဖြတ်နှိမ်နင်း ခြောက်လှန့်မောင်းထုတ်ခဲ့ရကြောင်း သိရှိရသည်။

ကြွက်များဖျက်ဆီးခံရမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော မိုးစပါးများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စပါးပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ကြွက်နှိမ်နင်းရေးကြီးကြပ်မှုအဖွဲ့များ ဖွဲ့စည်း၍ ကွင်းဆင်းပညာပေးခြင်း၊ ပျက်စီးမှုများ ပြန်လည်စိုက်ပျိုးနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးခြင်း၊ ကြွက်နှိမ်နင်းအစာတုံးနှင့် ထောင်ချောက်များအသုံးပြု ဖမ်းဆီးနှိမ်နင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ကြွက်များ အုပ်စုဖွဲ့၍ သွားလာဖျက်ဆီးမှုများ မရှိတော့ကြောင်းနှင့် သေဆုံးခဲ့သည့်ကြွက်သေများအား အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့ဓာတ်ခွဲစစ်ဆေးစေခဲ့ရာ မည်သည့်ရောဂါပိုးမျှ မတွေ့ရှိရကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲ

**ရန်ကုန် ဇူလိုင် ၉**

နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပခဲ့သော ရန်ကုန်စက်မှုတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့မှ ကျောင်းဆင်းနှစ်ပေါင်းစုံ မြို့ပြအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၆ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ပြည်တွင်းပြည်ပမှ ဆရာကြီး၊ ဆရာမကြီး ၁၃၀ ကျော်တို့အား ပူဇော်ကန်တော့ကြမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၌ ပြုလုပ်သော ပူဇော်ပွဲဖြစ်မြောက်ရေး ပုံမှန်ညှိနှိုင်း အစည်းဝေးများသို့ တက်ရောက်ပြီး ဦးစောလင်း (၁၉၇၁) ဖုန်း-၀၉-၂၁၃၀၄၃၀၊ ဦးအောင်သိန်း(၁၉၇၂) ဖုန်း-၀၉-၅၀၆၃၁၀၇၊ ဦးကိုကိုကြီး (၁၉၇၃) ဖုန်း-၀၉-၅၀၁၀၃၈၆၊ ဦးမျိုးသန့် (၁၉၇၄) ဖုန်း-၀၉-၅၀၀၈၄၀၈၊ ဦးခင်လတ် (၁၉၇၅) ဖုန်း-၀၉-၈၇၀၂၀၂၈၊ ဦးသောင်း (၁၉၇၆) ဖုန်း-၀၉-၅၁၅၈၁၉၄၊ ဦးအောင်ကျော်ဇံ (၁၉၇၇) ဖုန်း-၀၉-၅၁၃၈၅၁၃၊ ဦးကြည်လွင် (၁၉၇၈) ဖုန်း-၀၉-၅၁၄၅၇၄၇ နှင့် ဦးဝင်းမောင် (၁၉၇၉) ဖုန်း-၀၉-၅၀၀၇၁၅၂ တို့ထံ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ပေါက်ကွဲပြမည့် ဂျာမနီနှင့် ခြေကုန်ထုတ်မည့် ဥရုဂွေးတို့၏ တတိယနေရာလုပွဲ

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ တတိယနေရာလုပွဲကို ဥရောပထိပ်သီး ဂျာမနီနဲ့ တောင်အမေရိကဇုန်က ဥရုဂွေးတို့ ယှဉ်ပြိုင်ကစားကြမှာ ဖြစ်ပါတယ်။ အရှုံးကိုချေဖျက်မယ့် ဂျာမနီနဲ့ ညစ်အားကောင်းတဲ့ ဥရုဂွေးတို့ရဲ့ ပွဲစဉ်ဟာ ဘောလုံးပရိသတ်ကို စိတ်လှုပ်ရှားမှု အပြည့်အဝပေးနိုင်မှာ ဖြစ်ပါတယ်။

**ဥရုဂွေး-ဂျာမနီ**
**၁၁-၇-၂၀၁၀ (တနင်္ဂနွေနေ့)**
**နံနက် ၁ နာရီ**

ဆီမီးဖိုင်နယ်ပွဲမှာ ဂျာမနီအသင်းဟာ ကွင်းလယ်ပိုင်း မယှဉ်နိုင်ခဲ့လို့သာ စပိန်အသင်းကို ရှုံးနိမ့်ခဲ့ရတာပါ။ ဖိလစ်လမ်း ဦးဆောင်တဲ့ ဂျာမနီအသင်းဟာ အသင်းလိုက်ရော၊ တစ်ဦးချင်း စွမ်းရည်မှာပါ အကောင်းဆုံးပုံစံမှာ ရှိနေဆဲပါ။



**ဥရုဂွေးအသင်းမှ အားထားရသည့် ကစားသမား ကာဗာနီ။**

စပိန်နဲ့ပွဲမှာ မပါဝင်ခဲ့တဲ့ ဂျာမနီအသင်းရဲ့ အားထားရတဲ့ တောင်ပံကစားသမား မူလား ဒီပွဲမှာ ပြန်လည်ပါဝင်လာမှာ ဖြစ်ပါတယ်။ ဖိလစ်လမ်း၊ ဘိုတန်၊ ထရိုချိုစကီး၊ အိုဇီ၊ ရှဝိန်းစတိုင်ဂါ၊ ပိုဒေါစကီး၊ ကလိုဆေးနဲ့ မာရီယိုဂိုမက်ဇ်တို့ ပါဝင်တဲ့ ဂျာမနီအသင်းဟာ နည်းပြ ဂျိုချင်လောရဲ့ ဦးဆောင်မှုနဲ့အတူ အကောင်းဆုံး အနေအထားမှာ ရှိနေဆဲပါ။ တစ်ဖက်အသင်းကို ခြိမ်းခြောက်နိုင်စွမ်း အပြည့်အဝရှိတဲ့အပြင် လက်ရှိအသင်းရဲ့ ထက်မြက်တဲ့တိုက်စစ်နဲ့ ကျစ်လျစ်တဲ့ ခံစစ်ပိုင်းဟာ ဂျာမနီရဲ့ အားသာချက်ဖြစ်ပါတယ်။ ပွဲအဖြေပြောင်းလဲနိုင်တဲ့ ကစားသမားအများအပြားရှိသလို ပြိုင်ပွဲအပေါ် သုံးသပ်နိုင်စွမ်းရှိတဲ့ ကစားသမားများကို ဂျာမနီအသင်း ပိုင်ဆိုင်ထားပါတယ်။ ဂျာမနီအသင်းဟာ တန်ပြန်တိုက်စစ်ကောင်းတဲ့အသင်း ဖြစ်တဲ့အပြင် ကလိုဆေး၊ အိုဇီ၊ ရှဝိန်းစတိုင်ဂါ၊ ပိုဒေါစကီးတို့ရဲ့ တိုက်စစ်တွဲလုံးတွေကို ဒီယေဂိုဖော်လန် ဦးဆောင်တဲ့ ဥရုဂွေးအသင်း ပွဲချိန်ပြည့် တောင့်ခံနိုင်ဖို့ဆိုတာ မလွယ်ပါဘူး။

**အဖြေထုတ်နိုင်**

တောင်အမေရိကဇုန်က ဥရုဂွေးအသင်းဟာ အသင်းလိုက်စုဖွဲ့မှု အားကောင်းတဲ့အသင်း ဖြစ်ပါတယ်။ ဒီယေဂိုဖော်လန်၊ ကာဗာနီ၊ ဖာနန်ဒက်ဇ်၊ လူဂါနိုတို့ဟာ အသင်းရဲ့ အားထားရတဲ့ ကစားသမားများ ဖြစ်ပါတယ်။ နယ်သာလန်ကို ရှုံးနိမ့်ခဲ့တဲ့ပွဲမှာ နောက်ဆုံးအချိန်ထိ ကြိုးစားအားထုတ်ခဲ့တဲ့ ဥရုဂွေးအသင်းရဲ့ စိတ်ဓာတ်က လေးစားစရာပါ။ ဆီမီးဖိုင်နယ်ပွဲစဉ်မှာ အားထားရတဲ့ တိုက်စစ်မှူး ဆူရာရက်ဇ် မပါဝင်ခဲ့သလို ယခုပွဲစဉ်မှာလည်း ပါဝင်မှာမဟုတ်တဲ့အတွက် တိုက်စစ်ပိုင်း အားနည်းနိုင်ပါတယ်။ ဥရုဂွေးဟာ ဆီမီးဖိုင်နယ်မှာ နယ်သာလန်ကို ကောင်းကောင်းတုံ့ပြန်ကစားနိုင်ခဲ့ပေမယ့် ဂုဏ်သိက္ခာအတွက် ပေါက်ကွဲပြမယ့် ဂျာမနီကို အနိုင်ရဖို့ဆိုတာ ခက်ခဲဦးမှာပါ။ ဒီပွဲဟာ မိနစ် ၉၀ အတွင်း အဖြေထုတ်သွားနိုင်ပြီး ဂျာမနီအတွက် ထိုက်တန်တဲ့ နေရာတစ်ခုတော့ ရသွားမှာပါ။

**ရေဘဝဲပေါလ်ရွေးချယ်**

ဇူလိုင် ၉ ရက်နေ့ ထွက်ပေါ်လာတဲ့ သတင်းများအရ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် ခန့်မှန်းရာမှာ နာမည်ကြီးနေတဲ့ ရေဘဝဲပေါလ်ကတော့ ဂျာမနီက ဥရုဂွေးကို အနိုင်ရမှာဖြစ်ကြောင်း ရွေးချယ်ခန့်မှန်းလိုက်တယ်လို့ သိရပါတယ်။

**ဂျာမနီအသင်း၏ ကွင်းလယ် မောင်းနှင်အား ရှဝိန်းစတိုင်ဂါ။**



**ဝင်းတင် (ကြေးမုံ)**

## ရေဘဝဲပေါလ် စပိန်ကိုရွေးချယ်

**လန်ဒန် ဇူလိုင် ၉**

တောင်အာဖရိကနိုင်ငံ၌ ကျင်းပလျက်ရှိနေသည့် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဂျာမနီအသင်း၏ ပွဲစဉ်များကို မှန်ကန်စွာ ရွေးချယ်ဟောကိန်းထုတ်နိုင်သည့် ရေဘဝဲပေါလ်က စပိန်အသင်းအလံကပ်ထားသည့် အစာခွက်ကို ရွေးချယ်၍ ကမ္ဘာ့ဖလားချန်ပီယံဖြစ်မည့် အသင်းကို ဟောကိန်းထုတ်လိုက်ပြီဖြစ်ကြောင်း SKY News ဝက်ဘ်ဆိုက်တွင် ယနေ့ ဖော်ပြထားသည်။

မှန်ပုံးနှစ်ခုတွင် ကမ္ဘာ့ဖလားဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမည့် နယ်သာလန်အလံနှင့် စပိန်တို့၏ဗိုလ်လုပွဲကို ဟောကိန်းထုတ်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ရေဘဝဲပေါလ်၏ ရွေးချယ်ဟောကိန်းထုတ်မှုကို နယ်သာလန်ပရိသတ်က စိုးရိမ်မကင်းဖြစ်လျက်ရှိကြောင်းလည်း သိရသည်။ ပေါလ်သည် ၂၀၀၈ခုနှစ် ဥရောပဖလား နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဂျာမနီနှင့် စပိန်တို့ ယှဉ်ပြိုင်သည့်ပွဲကို ခန့်မှန်းရာတွင် လွဲချော်မှုရှိခဲ့ဖူးသည်။ သို့သော် ယခု ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျာမနီအသင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ခြောက်ပွဲတွင် အားလုံးမှန်ကန်အောင် ရွေးချယ်ပေးနိုင်ခဲ့သည်။ ယင်းအပြင်

**၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် စပိန်အသင်း ချန်ပီယံဖြစ်မည်ဟု ရွေးချယ်ပေးလိုက်သည့် ရေဘဝဲပေါလ်။**

စပိန်အလံတို့ကို ကပ်ထားကာ ကမာကောင် တစ်ကောင်စီထည့်ပြီး ရေဘဝဲပေါလ်အား ရွေးချယ်စားသုံးစေခဲ့ရာ ပေါလ်သည် စပိန်အလံကပ်ထားသည့် မှန်ပုံးထဲမှအစာကို ရွေးချယ်စားသုံးခဲ့ကြောင်း သတင်းတွင်ဖော်ပြထားသည်။ ရေဘဝဲပေါလ်၏ပိုင်ရှင် ဂါလန်ဆီယက်က ထိုနည်းကိုအသုံးပြု၍၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျာမနီအသင်းယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်များကို ဟောကိန်းထုတ်စေခဲ့ရာ ခြောက်ပွဲတိတိ မှန်ကန်မှုရှိခဲ့သည်ကို တွေ့ရသည်။

ရေဘဝဲပေါလ်သည် ယခင်က ဂျာမနီအသင်းပါဝင်သည့် ပွဲစဉ်များကိုသာ ဟောကိန်းထုတ်ခဲ့သော်လည်း ယခုအခါတွင် ဂျာမနီ မပါဝင်သည့် နယ်သာလန်ဇူလိုင် ၁၁ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားမည့် ဥရုဂွေးနှင့် ဂျာမနီတို့၏ တတိယနေရာလုပွဲတွင် ရေဘဝဲပေါလ်က ဂျာမနီကို ရွေးချယ်ခဲ့ကြောင်းသိရသည်။ ထိုသို့ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ရာနှုန်းပြည့်မှန်ကန်အောင် ရွေးချယ်ပေးနိုင်ခဲ့သည့် ရေဘဝဲပေါလ်ကို ဂျာမန်ရုပ်သံတစ်ခုက အစီအစဉ်တစ်ခုအဖြစ် တိုက်ရိုက်ထုတ်လွှင့် ပြသနေကြောင်းလည်း သတင်းတွင်ဖော်ပြထားသည်။ *အင်တာနက်။*

## ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၉**

ဖျာပုံမြို့နယ်အသင်း (ရန်ကုန်) ၏ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆)ရပ်ကွက် ဘိုကလေးဈေးလမ်း အမှတ်(၂၈/၃၂)ရှိ ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၌ ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ရဲသူရသန်းလှိုင် ဖုန်း-၃၇၉၂၃၁၊ ၀၉-၅၁၄၆၆၅၄၊ ဒုတိယဥက္ကဋ္ဌ (၁)ဦးခင်ဦး ဖုန်း-၅၁၄၈၇၉၊ ဒုတိယဥက္ကဋ္ဌ (၂)ဦးမြင့်ဦး ဖုန်း-၂၂၄၇၂၅၊ အတွင်းရေးမှူး ဦးကျော်ဆန်းနိုင် ဖုန်း-၅၈၄၈၈၁၊ ၀၉-၅၀၂၆၈၃၃ နှင့် ပြန်ကြားရေးမှူး ဦးတင်ခိုင် ဖုန်း-၃၉၂၁၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၃၂/၂၀၁၀)ကျင်းပ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၃၂/၂၀၁၀) တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၉

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အစည်းအဝေး (၃၂/၂၀၁၀)ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။**

### ညှိနှိုင်းဆွေးနွေး

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကား ပြောကြားပြီး နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားချက်များအား စိစစ်ခွင့်ပြုခြင်း၊ မဲဆန္ဒနယ်များခွဲခြားခြင်း၊ မဲစာရင်း ပြုစုခြင်း၊ မဲရုံနေရာသတ်မှတ်ခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြပြီး ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၉**

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၃၉)ပါတီအနက် အောက်ဖော်ပြပါ ပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ ခုနှစ် ဇူလိုင် ၉ ရက်တွင် နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်-

(၁) ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
(၂) အမျိုးသားဒီမိုကရေစီအင်အားစု (NATIONAL DEMOCRATIC FORCE)

ယနေ့အထိ နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့်ပါတီ (၄၃)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ(၃၉)ပါတီအနက် ပါတီ(၃၈) ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရောဝတီတိုင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု

**နေပြည်တော် ဇူလိုင် ၉**

ရောဝတီတိုင်းတွင် ဇူလိုင် ၉ ရက်အထိ မိုးစပါး ၁၇၇၁၀၀၉ ဧက စိုက်ပျိုးပြီးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)